မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ(၆၆)၊ အမှတ်(၀၃၂)

ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန်အလွန် မြင်နိုင်ခဲသော၊ အလွန်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်ဂျင်နီရင်ပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး အကောင်အထည်ဖော်တည်ဆောက်နေမှုများ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညီစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်အောင်စန်းနှင့် ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်ဂျင်နီရင်ပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး အကောင်အထည်ဖော်တည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းသစ်ပေါ်ရှိ ရုံးပင်ချောင်းတံတားတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

ဖလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ဖလမ်း အောက်တိုဘာ ၃၁

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဖလမ်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးနှင့် မြို့နယ်ဦးစီးအရာရှိ(မြို့ပြ)ရုံးအဆောက်အအုံပြုပြင်ပြီးစီးမှု တောင်ဇလပ်ရိပ်သာပြုပြင်နေမှုကို ယမန်နေ့က ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်သည် ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေလင်းအောင်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီတာဝန်ခံများနှင့် ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❍

မုန်တိုင်းငယ်အရှိန်ကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြိုးနိုင်



နေပြည်တော် အောက်တိုဘာ ၃၁

ယနေ့ ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်နှင့် နီကိုးဘားကျွန်းတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၃၀၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက်ရေမိုင် ၆၁၅ မိုင်ခန့်နှင့် မာချီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၆၅၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ❑

ယနေ့ ဖတ် စ ရာ

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အမြန်တိုးပွားလာစေချင် ... ဆောင်းပါး စာ ၆

ဖိလစ်ပိုင်၌ မာယွန်မီးတောင် ပေါက်ကွဲမှုကြောင့် လူ ၁၄၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်း နိုင်ငံတကာသတင်း စာ ၁၄

၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း (၁-၁၀-၂၀၂၆ ရက်နေ့မှ ၃၁-၁၀-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် ပြည်တွင်းသတင်း စာ ၁၅

သဘာဝဘေးအန္တရာယ်ခံနိုင်ရည်ရှိမှု ပိုမိုခိုင်မာရေး မိသားစုမှ စတင်ကာကွယ်ပေး ဆောင်းပါး စာ ၂၀



နိုင်ငံ့အားကစား အဆင့်မြင့်မားရေး ရေရှည်မျှော်မှန်းအကောင်အထည်ဖော်

နိုင်ငံတစ်နိုင်ငံ၏ အားကစားအောင်မြင်ရေးသည် ထိုနိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကိုဖော်ပြနိုင်ရေးအတွက် လွန်စွာအရေးပါသည့် အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်သည်။

အားကစားသမားတစ်ဦးချင်းစီ၏ အောင်မြင်မှုနှင့် ထင်ပေါ်ကျော်ကြားမှုများသည် ကိုယ်စားပြုနိုင်ငံ၏ ပုံရိပ်ကိုပါမြှင့်တင်ပေးပြီး နိုင်ငံတကာအလယ်တွင် သိရှိလာစေသည်။ အားကစားအောင်မြင်မှုသည် နိုင်ငံသားများကြား စည်းလုံးညီညွတ်သော စိတ်ဓာတ်ကိုဖြစ်ပေါ်စေပြီး မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို ထက်သန်လာစေသည်။ နိုင်ငံ၏ အားကစားကိုမြှင့်တင်ခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာကာ စိတ်ဓာတ်စည်းကမ်းကောင်းမွန်သော နိုင်ငံသားများကို မွေးထုတ်ပေးနိုင်သည်။ အားကစားကဏ္ဍမြင့်မားသော နိုင်ငံများသည် နိုင်ငံတကာအသိုက်အဝန်းတွင် မျက်နှာပန်းလှပြီး လူမှုအဆင့်အတန်းမြင့်မားသည့် နိုင်ငံအဖြစ်ပါ သတ်မှတ်ခံကြရသည်။

"လက်ရှိအချိန်၌ နိုင်ငံတကာနှင့် ဒေသတွင်းအားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် အောင်မြင်မှုများ နည်းပါးလျက်ရှိကြောင်း၊ နိုင်ငံ၏ အားကစားသမိုင်းကို လေ့လာကြည့်မည်ဆိုပါက ၁၉၇၀ ပြည့်နှစ်ဝန်းကျင်တွင် အောင်မြင်မှုများစွာ ရရှိခဲ့ပြီး အရှိန်အဝါကြီးမားခဲ့သည့် အားကစားအဆင့်အတန်းကို ပိုင်ဆိုင်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း" အောက်တိုဘာ ၂၈ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြောကြားခဲ့ပြီး "နိုင်ငံ၏ အားကစားကဏ္ဍမြှင့်တင်ရေးကို လေ့ကျင့်ရေးဖြင့် ပြန်လည်တည်ဆောက်သွားကြရန်လိုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက်လည်း ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း" ကိုလည်း ထည့်သွင်းမှာကြားခဲ့သည်။

နိုင်ငံအဆင့်အားကစားကဏ္ဍ မြင့်မားတိုးတက်ရေးသည် ရေရှည်စနစ်တကျ ရင်းနှီးမြှုပ်နှံမှုနှင့်အတူ မဟာဗျူဟာမြောက် စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ရာ ရေရှည်မျှော်မှန်းချက်ရှိသော မူဝါဒများ၊ ဥပဒေဗဟောင်များချမှတ်ရေး၊ အားကစားကဏ္ဍအတွက် လုံလောက်သော ဘတ်ဂျက်ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ရေး၊ နိုင်ငံတကာအဆင့်မီ အားကစားကွင်းများ၊ အားကစားရုံများနှင့် လေ့ကျင့်ရေးစခန်းများ ဖြည့်ဆည်းပေးရေး၊ အားကစားကဏ္ဍ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အားကစားသမားများကြံ့ခိုင်မှု၊ အာဟာရဗေဒ၊ စိတ်ပညာနှင့်ဒဏ်ရာရရှိမှု ကုသခြင်း/ ကာကွယ်ခြင်းတို့အတွက် ခေတ်မီအားကစားသိပ္ပံပညာများကို ထိရောက်စွာအသုံးပြုရေး၊ အားကစားသမားများ၏ စွမ်းဆောင်ရည်နှင့် ပြိုင်ဘက်များ၏ အားသာချက်/အားနည်းချက်များကို နည်းပညာအချက်အလက်များဖြင့် စနစ်တကျခွဲခြမ်းစိတ်ဖြာလေ့ကျင့်ပေးရေး၊ အားကစားပြိုင်ပွဲများကို တစ်နှစ်ပတ်လုံး စနစ်တကျကျင်းပပေးခြင်းဖြင့် အမြဲအသင့်ရှိစေရေး၊ ပြည်ပလေ့ကျင့်ရေးနှင့် ဖိတ်ခေါ်ပြိုင်ပွဲများသို့စေလွှတ်၍ နိုင်ငံတကာအတွေ့အကြုံများရရှိရေးတို့ကို ဆောင်ရွက်သွားရမည်ဖြစ်သည်။

အားကစားကဏ္ဍအောင်မြင်မှုအတွက် လေ့ကျင့်ရေးသည် စိတ်ကူးမျှော်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ပေးသည့် အဓိကအကျဆုံးသော အခန်းကဏ္ဍဖြစ်သည်။ ခိုင်မာသော မူဝါဒ၊ များပြားသည့်ဘတ်ဂျက်ခွဲဝေမှုများ၊ ပြီးပြည့်စုံသည့် အခြေခံအဆောက်အအုံများနှင့် အထောက်အကူပစ္စည်းများ စသည်ဖြင့် မည်မျှပံ့ပိုးစေကာမူ စနစ်ကျနသည့် လေ့ကျင့်ရေးမရှိပါက အောင်မြင်မှုရရန် မဖြစ်နိုင်သည်ဖြစ်ရာ အောင်ပွဲကိုရယူနိုင်သည့် အဆင့်အထိ ကြိုတင်ပြင်ဆင် လေ့ကျင့်ကြရမည်ဖြစ်သည်။ အားကစားသမားတစ်ဦး၏ အခြေခံလိုအပ်ချက်များဖြစ်သော ခွန်အား၊ အမြန်နှုန်း၊ လျင်မြန်ဖျတ်လတ်မှုနှင့် သက်လုံတို့ကိုလည်းကောင်း၊ အားကစားနည်းအလိုက်လိုအပ်သောကျွမ်းကျင်မှု၊ နည်းစနစ်နှင့် ဗျူဟာများကိုလည်းကောင်း ကြိမ်ဖန်များစွာ ထပ်တလဲလဲလေ့ကျင့်ခြင်းဖြင့်သာ ရရှိနိုင်မည်ဖြစ်ပြီး ပြင်းထန်သည့် လေ့ကျင့်မှုများက အားကစားသမားများ၏ စိတ်ရှည်သည်းခံမှု၊ ဇွဲလုံ့လ၊ ကွင်းတွင်းကြုံရမည့် ဖိအားများကို ထိန်းချုပ်နိုင်သည့် စိတ်ဓာတ်ခွန်အားကိုရရှိစေသည်။ ထို့အပြင် ကောင်းစွာ ပြင်ဆင် လေ့ကျင့်ထားသည့် အားကစားသမားများသည် မိမိကိုယ်ကို ယုံကြည်မှုအပြည့်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြသည်။

နိုင်ငံတော်အနေဖြင့် အားကစားကဏ္ဍအောင်မြင်ရေးအတွက် အားကစားကွင်းများ၊ အားကစားရုံများ၊ အထောက်အကူပြုပစ္စည်းများ စသည်တို့ကို ခေတ်နှင့်လျော်ညီစွာ အဆင့်မြှင့်တင် ဖြည့်ဆည်းပေးလျက်ရှိသလို ပြိုင်ပွဲများ၌ အောင်မြင်မှုရရှိလာသူများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးလျက်ရှိသည်။ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရေးအတွက် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းမှသည် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ နိုင်ငံကိုယ်စားပြုအဆင့်အထိ မဆုတ်မနစ်သော ဇွဲလုံ့လ ဝီရိယတို့ဖြင့် ရေရှည်စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရပါမည့် အကြောင်း။ ။



ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် အောက်တိုဘာ ၃၁

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ မိုး/ဇလ

၃၁ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅၈ရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၅၀၀၀၀ ကျပ် ဖြစ်သည်။ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁ - ၁၁ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိး	တောင်ကြီး	လှိုင်ကော်	ဟားခါး
92 Ron	၄၅၄၀	၄၆၉၅	၄၆၄၅	၄၅၅၅	၄၇၀၀	၄၇၁၅	၄၇၄၅	၄၆၂၅	၄၉၉၅	၅၀၂၅	၄၆၄၅	၄၈၀၅	၄၇၃၅	၄၆၉၅	၄၇၀၅	၄၉၃၅
95 Ron	၄၅၉၀	၄၇၄၅	၄၆၉၅	၄၆၀၅	၄၇၅၀	၄၇၆၅	၄၈၀၀	၄၆၇၅	၅၀၄၅	၅၀၇၅	၄၆၉၅	၄၈၄၅	၄၇၉၀	၄၇၄၅	၄၇၅၅	၄၉၈၅
HSD (500 ppm)	၄၅၁၅	၄၆၆၅	၄၆၂၀	၄၅၃၀	၄၆၇၀	၄၆၈၀	၄၇၁၅	၄၆၀၀	-	၄၉၈၀	၄၆၂၀	၅၂၁၅	၄၇၀၅	၄၆၆၅	၄၆၇၅	၄၈၉၅
HSD (50 ppm)	၅၄၈၀	၅၆၃၅	၅၅၉၀	၅၄၉၅	၅၆၄၀	၅၆၅၅	၅၆၉၀	၅၅၆၅	၅၉၃၅	၅၉၆၅	၅၅၉၀	၅၇၈၀	၅၆၈၀	၅၆၃၅	၅၆၄၅	၅၈၇၅
HSD (10 ppm)	၅၄၈၀	၅၆၃၅	၅၅၉၀	၅၄၉၅	၅၆၄၀	၅၆၅၅	၅၆၉၀	၅၅၆၅		၅၉၆၅	၅၅၉၀	၅၇၈၀	၅၆၈၀	၅၆၃၅	၅၆၄၅	၅၈၇၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၅	၄၄၃၅
95 Ron	၄၃၆၅	၄၄၈၆
HSD (500 ppm)	၄၃၀၈	၄၄၂၄
HSD (50 ppm)	၅၂၂၈	၅၃၆၂
HSD (10 ppm)	၅၂၂၈	၅၃၆၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE
www.mdn.gov.mm

E-paper





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်နေမှုနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။

❖ ရှေ့ဖုံးမှ

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်နေမှု

ဦးစွာ နိုင်ငံတော်သမ္မတသည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်နေမှုနှင့် အဆိုပါလမ်းသစ်ပေါ်ရှိ ရုံးပင်ချောင်းတံတားတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက နိုင်ငံတော်၏မြို့တော်သို့ဝင်ရောက်သည့်လမ်းကြောင်းတစ်ခုဖြစ်လာမည်ဖြစ်သဖြင့် လမ်းတံတားများ တည်ဆောက်ရာတွင် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အဆင့်မီမီတည်ဆောက်ပြီးစီးနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းတံတားများအား အနာဂတ်တွင် တိုးတက်ဖြစ်ပေါ်လာနိုင်မည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်အသုံးပြုသွားလာမှုများအပေါ် မူတည်ထည့်သွင်းတွက်ချက်၍ လည်း တည်ဆောက်သွားရန်လိုကြောင်း၊ ဝင်လမ်းထွက်လမ်းများနှင့်ပတ်သက်၍လည်း ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစား၍ တည်ဆောက်သွားရန်လိုကြောင်း၊ တံတားများနှင့်လမ်းများ ကြုံခိုင်မှုရှိစေရေး၊ လမ်းပန်းမြေသားနံရံများ စနစ်တကျဖြစ်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းဘေးဝဲယာတစ်လျှောက်တွင် အရိပ်ရလေကာပင်များနှင့် အမြဲစိမ်းသစ်ပင်များ စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရာဇသံဟလမ်းကြောင်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး သန်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လမ်းဘေးဝဲယာတစ်လျှောက် အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်သူ့ရင်ပြင်တည်ဆောက်ရေးလုပ်ငန်းခွင်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် နေပြည်တော် ပြည်သူ့ရင်ပြင်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က နေပြည်တော် ပြည်သူ့ရင်ပြင်ဆိုင်ရာ အချက်အလက်များ၊ ရင်ပြင်ပတ်လည်နေရာများ၌ အထင်ကရ ပုဂ္ဂိုလ်များ၏ ရုပ်တုများ၊ စကျင်ကျောက်များဖြင့် ထုဆစ်ပုံဖော်ထားသည့် ရုပ်လုံးရုပ်ကြွများ ထည့်သွင်းတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ ပန်းခြံနေရာများ၊ လျှောက်လမ်းများ၊ ဖျော်ဖြေရေးရင်ပြင်နှင့် Shop House များ၊ ယာဉ်ရပ်နားရန်နေရာများနှင့် အခြားလိုအပ်သည့် အဆောက်အအုံများ ထည့်သွင်းတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေအား မြို့တော်အင်္ဂါရုပ်နှင့်အညီ ခေတ်မီပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော မြို့ပြတစ်ခုအဖြစ်ဖြစ်ပေါ်လာစေရေး ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်စဉ်းစားဆောင်ရွက်သွားကြရန်လိုကြောင်း။ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်ခံ့မှုရှိစေရေး၊ အဆင့်မီမီဖြစ်စေရေး စနစ်တကျဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရုပ်တုများနှင့် ရုပ်လုံးရုပ်ကြွများ ထည့်သွင်းတည်ဆောက်ရာတွင် မြန်မာမှုနှင့် ပန်းချီပန်းပုပညာရှင်ကြီးများထံမှ အကြံဉာဏ်များရယူ၍ စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုဂုဏ်ပြုဗိမာန်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ပြည်ထောင်စုဂုဏ်ပြုဗိမာန် အဆိုပြု 3D ပုံစံများနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြည်ထောင်စုဂုဏ်ပြုဗိမာန်ကို ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့ကြသူများနှင့် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့် ပြည်ထောင်စုဗွားတိုင်းရင်းသားများကို ဂုဏ်ပြုနိုင်ရန်အတွက် ရည်ညွှန်းတည်ဆောက်စေခြင်းဖြစ်သဖြင့် ခမ်းခမ်းနားနားနှင့် အဆင့်မီမီဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်ထောင်စုဗွားတိုင်းရင်းသားညီအစ်ကို မောင်နှမများအပါအဝင် ပြည်ပနိုင်ငံများမှ လာရောက်ဂုဏ်ပြုကြသူများအနေဖြင့် အဆင့်မီမီနှင့် စနစ်တကျ လာရောက်ဂုဏ်ပြုနိုင်ရေးအတွက်လည်း လျာထားဆောက်လုပ်သွားရန်လိုကြောင်း၊ ပန်းစည်းချုဂုဏ်ပြုမည့်နေရာများအတွက်လည်း စနစ်တကျစီမံထည့်သွင်းသွားရန်လိုကြောင်း၊ ယာဉ်ရပ်နားရန် နေရာများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပမှုရှိစေရေး အမြဲစိမ်းသစ်ပင်များနှင့် ပန်းမန်များကို စနစ်တကျဖြင့် ထည့်သွင်းစိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

- **ပြည်ထောင်စုဂုဏ်ပြုဗိမာန်ကို ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့ကြသူများနှင့် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့် ပြည်ထောင်စုဗွားတိုင်းရင်းသားများကို ဂုဏ်ပြုနိုင်ရန်အတွက် ရည်ညွှန်းတည်ဆောက်စေခြင်းဖြစ်သဖြင့် ခမ်းခမ်းနားနားနှင့် အဆင့်မီမီဖြစ်ရန်လို**
- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်ထောင်စုဗွားတိုင်းရင်းသားညီအစ်ကို မောင်နှမများအပါအဝင် ပြည်ပနိုင်ငံများမှ လာရောက်ဂုဏ်ပြုကြသူများအနေဖြင့် အဆင့်မီမီနှင့် စနစ်တကျ လာရောက်ဂုဏ်ပြုနိုင်ရေးအတွက်လည်း လျာထားဆောက်လုပ်**

မူပိုင်ခွင့်ဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၁

တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)၊ စတုတ္ထနှစ်မဟာဗျူဟာ လုပ်ငန်းအစီအစဉ် (၂၀၂၆) ၏ မဟာဗျူဟာလုပ်ငန်း နယ်ပယ်(၄)၊ မဟာဗျူဟာအစီအစဉ် (၄.၂)ရှိ ဥပဒေရေးရာသုတေသနစွမ်းရည်များ တိုးတက်စေရန်ရည်ရွယ်သည့် မူပိုင်ခွင့်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ (Research Paper Presentation on Intellectual Property Rights) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College ၌ ပူးတွဲစနစ် (In person/ Virtual) ဖြင့် ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာဌေးတက်ရောက်အမှာစကား ပြောကြားသည်။ **(ယာဝုံ)**

သုတေသနစာတမ်းဖတ်ပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးမှုခင်းကိစ္စရပ်များဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နော်စေးစေးဝါးဖိုးက "Strengthening Online Platform Responsibility for Trademark Protection in Myanmar" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တရားရုံးမှ တွဲဖက်မြို့နယ်တရားသူကြီး ဒေါက်တာဇင်သူဝင်းက "Trademark Dilution in the Digital Age" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တရားရုံးမှ မြို့နယ်တရားသူကြီး ဦးမျိုးသိန်းဦးက "Author's Right Protection in Myanmar" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်တရားရုံးမှ ဒုတိယမြို့နယ်တရားသူကြီးဒေါ်ကောင်းမြတ်နေခြည်ထူးက "Legal Protection of Moral Rights under Copyright Law in Myanmar" ခေါင်းစဉ်ဖြင့် လည်းကောင်း သုတေသနစာတမ်းများ ဖတ်ကြားကြသည်။

စာတမ်းဖတ်ပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များမှ တရားသူကြီးချုပ်များနှင့် တရားလွှတ်တော်တရားသူကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လက်ထောက်အတွင်းဝန်၊ ညွှန်ကြားရေးမှူးများနှင့် တရားရေးအရာရှိများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များမှ တရားရေးအရာရှိများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တရားရုံးများ၊ ခရိုင်တရားရုံးများမှ တရားသူကြီးများ တက်ရောက်ကြပြီး လူကိုယ်တိုင်တက်ရောက်သူ ၁၄၀၊ အွန်လိုင်းဖြင့် တက်ရောက်သူ ၃၄၅ ဦး စုစုပေါင်းတရားသူကြီးနှင့် တရားရေးအရာရှိ ၄၈၅ ဦး တက်ရောက်ကြောင်း သိရသည်။



သတင်းစဉ်

(၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ်စစ်တုရင်ပြိုင်ပွဲနှင့် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးသင်တန်းများ ကြည့်ရှုအားပေး

ဘားအံ အောက်တိုဘာ ၃၁

ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် ကရင်ပြည်နယ် စစ်တုရင်ဆပ်ကော်မတီတို့ ကြီးမှူးကျင်းပသော (၇၁) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ်စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ဘားအံမြို့ လှကမြင်ကွက်သစ် ခွဲကပင်မိုးလုံးလေလုံအားကစားရုံ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ International Master – IM တစ်ဦး၊ Candidate Master (CM) နှစ်ဦး၊ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ကစားသမားသုံးဦးအပါအဝင် အားကစားသမား ၁၁၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဌေါက်တာမောင်သင်းနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့က စစ်တုရင်ကစားရုပ်ရွေ့၍ ပြိုင်ပွဲကို စတင်ပေးခဲ့ကာ **(အောက်ပို)** ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် အမျိုးသား/အမျိုးသမီးအလွတ်တန်း ချန်ပီယံဆု၊ အသက် (၂၅) နှစ်အောက် ချန်ပီယံဆု၊ အသက် (၁၈)နှစ် အောက်ချန်ပီယံဆုနှင့် အသက် အငယ်ဆုံး အားကစားသမားဆု များကို ချီးမြှင့်ပေးအပ်သွားမည် ဖြစ်သည်။

ဆက်လက်၍ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ဘားအံ)တွင် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးနှင့် တစ်ပိုင်တစ်နိုင် စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်း လေ့ကျင့်ရေးမူများကို ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအနေဖြင့် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည်အထိ ကြိုးစားလေ့လာ သင်ယူကြရန်နှင့် လက်တွေ့ဘဝနယ်ပယ်တွင် စနစ်တကျ ပြန်လည်အသုံးချကြရန် မှာကြားသည်။

ထို့ပြင် အဆိုပါသင်တန်းကျောင်း၌ National Skill Standards Authority (NSSA) မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု 'စံ' သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က Assessment Center ကျွမ်းကျင်မှုစစ်ဆေးအဖြတ်ရေးဌာနတွင် ပြည်နယ်အတွင်းရှိ လုပ်သား ၂၅ ဦးအား အောက်တိုဘာ ၂၇ ရက်မှ ၃၁ ရက်အထိ လျှပ်စစ်ကျွမ်းကျင် လုပ်သား (အဆောက်အအုံ) အဆင့်-၁ စိစစ်အကဲဖြတ်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ကရင်ပြည်နယ် လူငယ်စင်တာ၌ လူငယ်များစားပွဲတင်တင်းနစ် လေ့ကျင့်ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ ကရင်ပြည်နယ်လူငယ်ရေးရာကော်မတီက ကြီးမှူးဖွင့်လှစ်သော အိမ်တွင်းမှုသက်မွေးပညာ ဘိုးကလစ်ပြုလုပ်နည်းသင်တန်း၌ သင်တန်းသူများ ဘိုးကလစ်ပြုလုပ်လေ့ကျင့်နေမှုကို လည်းကောင်း၊ ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအနီး စိန်ပန်းပြာလမ်းနှင့်ဂန္ဓမာလမ်းဆုံတွင် ကရင်ပြည်နယ် လူငယ်ရေးရာ ဦးစီးဌာနရုံး အဆောက်အအုံတည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီနှင့် အခြေခံပညာကျောင်းများ ပူးပေါင်းဖွင့်လှစ်သော အခြေခံပညာကျောင်းပေါင်းစုံ ရေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဆင်းပွဲကို ဘားအံမြို့ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့် တာဝန်ရှိသူများ တက်ရောက် အားပေးချီးမြှင့်ကြသည်။

သင်တန်း ဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌနှင့် ကရင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးတို့က ကျောင်းအသင်းခွဲများအတွက် ရေးဦးပြုစုခြင်း အထောက်အကူပြုပြစ္စည်းများ ပေးအပ်ချီးမြှင့်ကာ ရေးဦးပြုစုခြင်းနှင့်ဆိုင်သော သရုပ်ပြသမှုများကို ပြသကြခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



❍ ရွှေဖုံးမှ

ဆက်လက်၍ ဖလမ်းမြို့တွင်း အများပြည်သူအပန်းဖြေနေရာနှင့် အားကစားပြုလုပ်သည့်နေရာများဖြစ်သည့် ဖါရ်ထောက်ရပ်ကွက်ရှိ ဟရန်ထီးယိုးဘောလုံးကွင်းတွင် ဘောလုံးပြိုင်ပွဲများ ကျင်းပနိုင်ရန်၊ ကျင်မွာလ်ရပ်ကွက် လွတ်လပ်ရေးကျောက်တိုင်ရှိ View Point နေရာတွင် အများပြည်သူများ စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်ရန်နှင့် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်ရန် လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုသည်။

ယနေ့ နံနက်ပိုင်းတွင် ဒေသခံများနှင့်ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့၏ ဖလမ်းမြို့ကျင်မွာလ်ရပ်ကွက် View Point လမ်းတစ်လျှောက် လမ်းဘေးဝဲယာသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ လမ်းမဘေးသစ်ပင်များ အလင်းဖွင့်ရှင်းလင်းနေမှု၊ View Point သွားရာ လမ်းတစ်လျှောက်နှင့် View Point အား အများပြည်သူအပန်းဖြေနိုင်ရန် သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဖါရ်ထောက်ရပ်ကွက် ဟရန်ထီးယိုးဘောလုံးကွင်းအား JCB စက်ကြီးဖြင့် မြေနေရာပြုပြင်နေမှုနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



မိုးတိမ်တောင် ရွှေလျားရာတစ်လျှောက် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၃၁

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

မြန်မာ-ထိုင်း-ရုရှား သုံးနိုင်ငံ စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၃၁

စွမ်းအင်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန် ထိုင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ ယနေ့တွင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan နှင့်လည်းကောင်း၊ ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Maxim Reshetnikov နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံပြီး မြန်မာ-ထိုင်း-ရုရှား သုံးနိုင်ငံ စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို ဆွေးနွေးခဲ့သည်။



ဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံ ထားဝယ်ဒေသ စီမံကိန်းများသည် ဒေသတွင်းနိုင်ငံများနှင့် ကုန်စည်ကူးသန်းရောင်းဝယ်နိုင်ရန်အတွက် အချက်အချာကျသည့် နေရာတစ်ခုဖြစ်လာမည့် အခြေအနေ၊ သုံးနိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းဖြစ်၍ အမြန်ဆုံးအကောင်အထည်ဖော်ပြီးမြောက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိသည့်အခြေအနေ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ စွမ်းအင်လိုအပ်ချက်သည် မြင့်တက်လျက်ရှိရာ နှစ်နိုင်ငံ ပူးပေါင်း၍ ဖြေရှင်းနိုင်ရန် ကြိုးစားနေမှုအခြေအနေ၊ LNG သည် ကျစ်လျစ်သိပ်သည်းစွာ သယ်ဆောင်နိုင်ပြီး သန့်ရှင်းသည့်စွမ်းအင်အဖြစ် သတ်မှတ်ထားကြသည်ဖြစ်ရာ ယနေ့စွမ်းအင်အသွင်ကူးပြောင်းရေး ကာလတွင် အထူးအရေးပါသည့် စွမ်းအင်ဖြစ်နေသည့်အတွက် LNG ကုန်သွယ်မှုများ မြင့်တက်လာနေသည့် အခြေအနေ၊ ရုရှားနိုင်ငံမှ LNG ကို မြန်မာနိုင်ငံသို့ သယ်ဆောင်ပြီး ထိုင်းနိုင်ငံက မျှဝေသုံးစွဲနိုင်ခြင်းဖြင့် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံ စွမ်းအင်အခက်အခဲကို ဖြေရှင်းနိုင်မည့်အခြေအနေ၊ ထားဝယ်ဒေသမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ လည်းကောင်း၊ ထိုင်းနိုင်ငံအတွင်းသို့လည်းကောင်း သဘာဝဓာတ်ငွေ့၊ ပိုက်လိုင်းများ သွယ်တန်းပြီးဖြစ်ရာ ယင်းအခြေခံကောင်းများကိုအသုံးချ၍ ထားဝယ်ဒေသတွင် LNG Terminal တည်ဆောက်နိုင်သည့်အခြေအနေ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား LNG အပါအဝင် လောင်စာဆီတင်ပို့နိုင်ရေးအတွက် MoU ရေးထိုးပြီးဖြစ်သကဲ့သို့ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် မကြာမီအချိန်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအတွက် MoU ရေးထိုးနိုင်တော့မည်ဖြစ်ရာ သုံးနိုင်ငံပူးပေါင်း၍ စွမ်းအင်ကုန်သွယ်မှုများ စတင်နိုင်ရန် အချိန်အခါကောင်းဖြစ်သည့် အခြေအနေ၊ မြန်မာ-ထိုင်း-ရုရှား သုံးနိုင်ငံ ပူးပေါင်း၍ ထားဝယ်ဒေသတွင် ရင်းနှီးမြှုပ်နှံ၍ ဆက်လက် ဆောင်ရွက်သွားကြမည့် စီမံကိန်းလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

ရန်ကင်းတောင် (မိန်း)မြောင်း တူးမြောင်းအလျောကာကွယ်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပုသိမ်ကြီး အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆည်တော်ကြီး ရေသောက်စနစ် ရန်ကင်းတောင် (မိန်း) မြောင်း တူးမြောင်း အလျောကာကွယ်ခြင်း လုပ်ငန်းများ ကြည့်ရှုစစ်ဆေးခြင်းကို အောက်တိုဘာ ၃၀ ရက်တွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။



အဆိုပါရန်ကင်းတောင် (မိန်း) မြောင်း တူးမြောင်းအလျောကာကွယ်ခြင်းလုပ်ငန်းကို ပေတိုင် ၀ မှ ပေတိုင် ၆၀၀၀ အတွင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး စိုက်ပျိုးကော ၂၉၄၈ ဧကအား အကျိုးပြုရွေ့စပါး၊ မိုးစပါးအပြင် ဆီထွက်သီးနှံနှင့် ပဲအမျိုးမျိုးတို့ စိုက်ပျိုးရန် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ရွှေရန်ကင်း

ရွှေတောင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း၊ တစ်ဧက တင်း ၁၂၀ ကျော်ထွက်ရှိ

ရွှေတောင် အောက်တိုဘာ ၃၁

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၂၉ ရက်က ရွှေတောင်မြို့နယ် ကြာနီကန်ရပ်ကွက် တည်ကုန်းရွာကွင်းအမှတ် (၄၂၁A) ကွင်းတွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တောင်သူဒေါ်သောင်းရီ၏ လယ်မြေ ၅ ဧကတွင် (ဆာဖိုးသာ) မိုးစပါးစံကွက် ရိတ်သိမ်းခဲ့သည်။



အဆိုပါ မိုးစပါးစံကွက် ရိတ်သိမ်းရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၊ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ကြာနီကန်ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက ဆာဖိုးသာ မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ရာ ၅ ဧကတွင် ပျမ်းမျှအထွက်အစို ၁၂၁ ဒသမ ၀၅ တင်း၊ အခြောက် ၁၁၀ ဒသမ ၀၆ တင်း၊ အခြောက် ၁၁၀ ဒသမ ၁၆ တင်းနှုန်း ထွက်ရှိခဲ့ကြောင်းသိရသည်။

ကိုကိုမင်း (ပြန်/ ဆက်)

❑ *မုန်တိုင်းငယ်မှ*

အဆိုပါ မုန်တိုင်းငယ်သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၀ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၀ ဒသမ ၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့်ဖြစ်သည်။



မုန်တိုင်းငယ်သည် အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ နိုဝင်ဘာ ၁ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ နိုဝင်ဘာ ၂ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေသို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ည၌ နိုဝင်ဘာ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊မုတ္တမကွေ့၊မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိုး/၈လ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အမြန်တိုးပွားလာစေချင် ...

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုသည်မှာ နေရောင်ခြည်၊ လေ၊ မိုး၊ ဒီရေ၊ ရေလိုင်း အစရှိသဖြင့် အသစ်ပြန်လည် ပြည့်ဖြိုးနေသော ရင်းမြစ်များမှ ရယူထားသည့် စွမ်းအင်မျိုး ဖြစ်သည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ရှာဖွေရခြင်း၏ အကြောင်းရင်းများစွာရှိသည်။

မောင်မောင်စွယ်စုံထွန်း



လေထုညစ်ညမ်းစေသော အရာများနှင့် မှန်လုံအိမ် အာနိသင်ဓာတ်ငွေ့များ လျော့ချရေး ကြိုးပမ်းမှု အနေဖြင့် အမေရိကန်နှင့် နိုင်ငံအများအပြား ရေးထိုးခဲ့ကြသော ကျိုတိုသဘောတူညီချက်သည် ယနေ့ခေတ်၏အဓိကအာရုံစိုက်နေသောအကြောင်း အရာဖြစ်သည်။ အစားထိုးစွမ်းအင် (သို့မဟုတ်) ပြန်လည်ဖြည့်တင်းနိုင်သော စွမ်းအင်ရင်းမြစ်များက လက်ရှိစွမ်းအင်သုံးစွဲမှု၏ ဘေးထွက်ဆိုးကျိုး ဖြစ်သော အဆိပ်သင့်ပစ္စည်းများ ထုတ်လွှတ်မှုကို လျော့ချနိုင်စေရန် အထောက်အကူပြုစေသည်။

အစားထိုးစွမ်းအင်သုံးစွဲခြင်းဖြင့် ဘေးဖြစ်စေသော ဘေးထွက်ပစ္စည်းထုတ်လွှတ်မှုကို တားဆီးနိုင်ရုံမက ယနေ့ခေတ်၏ အဓိက စွမ်းအင်ရင်းမြစ် အနေဖြင့် သုံးစွဲနေကြရသော သဘာဝသယံဇာတ ရင်းမြစ်များကိုလည်း ယုတ်လျော့မှု မရှိစေအောင် ထိန်းသိမ်းနိုင်သည်။ လေစွမ်းအင်၊ နေရောင်ခြည် စွမ်းအင်နှင့် ရေအားလျှပ်စစ်တို့သည် တစ်ဖန်ပြန်လည် သုံးစွဲနိုင်သည့် စွမ်းအင်များဖြစ်သည်။ **"စွမ်းအင် သည် ဖန်ကီး၍ မရနိုင်သကဲ့သို့ ဖျက်ဆီး၍လည်း မရနိုင်ပေ။ အသွင်တစ်မျိုးမှ အခြားတစ်ခုသို့ ကူးပြောင်းခြင်းသာ ရနိုင်သည်"** ဟု စွမ်းအင် တည်မြဲမှု နိယာမတွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် နေရောင်ခြည်၊ လေ၊ ရေ၊ မိုး၊ အပူစွမ်းအင်၊ ဒီရေစသော သဘာဝအလျောက်ရရှိသည့် သမိုင်းအဆက်ဆက် လူသားများ အသုံးချခဲ့သော ထိုသို့သော စွမ်းအင်မျိုးဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ရေကျိုချက်ခြင်း၊ လေအေးပေးစနစ်၊ ကူးသန်းသွားလာရေးနှင့် သီးခြားပါဝါပေးစနစ် စသော အရေးပါသည့် အခန်းကဏ္ဍများအားလုံး၌ မရှိမဖြစ်ပါဝင်လျက်ရှိသည်။

၂၀၁၆ ခုနှစ် REN21 ၏ အဆိုအရ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်မှ တစ်ကမ္ဘာလုံး စွမ်းအင်သုံးစွဲမှု ပမာဏတွင် ၁၉ ဒသမ ၂ ရာခိုင်နှုန်းမှ ၂၃ ဒသမ ၇ ရာခိုင်နှုန်းအထိ ဖြည့်ဆည်းပေးလာနိုင်သည်ဟု ဆိုသည်။ ဇီဝလောင်စာမှ ၈ ဒသမ ၉ ရာခိုင်နှုန်း၊ အပူစွမ်းအင်မှ ၄ ဒသမ ၂ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၃ ဒသမ ၉ ရာခိုင်နှုန်းနှင့် လေ၊ နေရောင်ခြည် စသည်တို့မှ ၂ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးရှိကြသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အတွက် တစ်ကမ္ဘာလုံး ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၅ ခုနှစ်စာရင်းအရ အမေရိကန်ဒေါ်လာ ၂၈၆ ဘီလီယံ ရှိသည်။

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် ဆက်နွယ်သော အလုပ်များမှာ တစ်ကမ္ဘာလုံး ၇ ဒသမ ၇ သန်း အထိရှိလာခဲ့ပြီး ၂၀၁၅ ခုနှစ်စာရင်းအရ အသစ် တပ်ဆင်သော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးများ၏ ထက်ဝက်ကျော်သည် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များ ဖြစ်လာကြသည်။ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍများ အလျင်အမြန်တိုးတက်လာခြင်း သည် စွမ်းအင်ကို အကျိုးရှိရှိအသုံးချလာနိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုအား ထိန်းညှိနိုင်ခြင်း၊ စီးပွားရေး အကျိုးကျေးဇူးများလာခြင်း စသောရလဒ်များကိုလည်း ဖြစ်ထွန်းလာစေပါသည်။

ကမ္ဘာတွင် ခေတ်မီနည်းပညာများ တိုးတက်မှုနှင့်အတူ ထိုနည်းပညာများကို အသုံးပြုရန် လျှပ်စစ် စွမ်းအင်လိုအပ်မှု ကြီးမားလျက်ရှိသည်။ လူနေမှု အဆင့်အတန်း မြင့်မားလာခြင်းနှင့်အတူ လူသားတို့ သည် လျှပ်စစ်ကို ပိုမိုသုံးစွဲလာကြသည်။ လျှပ်စစ် စွမ်းအင်သည် လူသားတို့အတွက် မရှိမဖြစ်သော အထောက်အကူပစ္စည်းဟူ၍ပင် ဆိုနိုင်သည်။ အစိုးရ ရုံးဌာနများ၊ ကုမ္ပဏီများ၊ ကိုယ်ပိုင်လုပ်ငန်းများမှ သည် နေအိမ်တိုက်တာတိုင်းတွင် လျှပ်စစ်စွမ်းအင် ကို အသုံးမပြုဘဲ လုပ်ငန်းတွင်ကျယ်မှု မရှိနိုင်ပေ။ ထို့ကြောင့် နိုင်ငံတိုင်းသည် လျှပ်စစ်စွမ်းအင် ပိုမို တိုးတက်ထုတ်လုပ်နိုင်ရေးကိုသာ ဝိုင်းဝန်းကြိုးပမ်း လျက်ရှိသည်။

"မြန်မာနိုင်ငံတွင် လောင်စာဆီသုံးစွဲမှုနှင့် ပတ်သက်၍ မိမိတို့နိုင်ငံအတွင်း ၂၀၂၁ ခုနှစ်စာရင်း များအရ ကုန်တင်ယာဉ်နှင့် လူစီးမော်တော်ယာဉ် စုစုပေါင်း ၁၁၄၀၀၀၀ ကျော်၊ မော်တော်ဆိုင်ကယ် စုစုပေါင်း ၆၄၅၀၀၀၀ ကျော်ရှိကြောင်း၊ အဆိုပါ ယာဉ်များအတွက် စက်သုံးဆီများအား ပြည်ပနိုင်ငံ များမှ တန်ချိန်ပေါင်းများစွာ တင်သွင်းနေရကြောင်း၊ ထိုသို့သုံးစွဲလျက်ရှိသည့်စက်သုံးဆီများ တင်သွင်းမှု လျော့ချနိုင်ရေးအတွက် Public Transportation ဖြစ်သည့် ဘတ်စ်ကားများ၊ မြို့ပတ်ရထားများ၊ ခရီးဝေးရထားများ ပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း၊ စက်သုံးဆီများ လျော့ချနိုင်ရေး အတွက် လူတစ်ဦးချင်းအနေဖြင့် အသိစိတ်ဓာတ် ရှိရှိဖြင့် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စီမံခန့်ခွဲမှု လုပ်ငန်းများ ဆောင်ရွက်ရသည့် အစိုးရအဖွဲ့အစည်း များအနေဖြင့်လည်း စက်သုံးဆီများ သုံးစွဲမှုလျော့ချ နိုင်သည့် နည်းလမ်းများကိုရှာဖွေရန်လိုကြောင်း" ၂၀၂၁ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့က ကျင်းပခဲ့ သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁) တွင် နိုင်ငံတော် အကြီးအကဲက လမ်းညွှန်မှာကြားခဲ့ဖူးသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ် သည့်အတွက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အစစ အရာရာတွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စွမ်းအင်ကဏ္ဍ တိုးတက်ထုတ်လုပ်နိုင်ရေးကိုလည်း အထူးအလေးထား ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံအချို့တွင် လျှပ်စစ်ဓာတ်အားသုံး မော်တော် ယာဉ်များ (EV ကားများ)ကို စတင်သုံးစွဲနေပြီဖြစ်ရာ မြန်မာနိုင်ငံ၌လည်း လျှပ်စစ်ဓာတ်အားအသုံးပြု မောင်းနှင်ရသည့် ဘတ်စ်ကားများနှင့် အိမ်သုံး မော်တော်ယာဉ်များ အသုံးပြုနိုင်ရေးအတွက် ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားကြရမည် လည်း ဖြစ်သည်။

မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင် ရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ် သည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးနှင့် လေအားသုံး လျှပ်စစ်ထုတ်လုပ်နိုင်သည့် အရင်းအမြစ်များ များစွာရှိသည်။ အဆိုပါ ပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးပြု၍ စက်သုံးဆီသုံးစွဲမှုများအား ဆောင်ရွက် ကြမည်ဆိုပါက နိုင်ငံခြားမှ မှာယူတင်သွင်းမှု လျော့နည်းသွားမည်ဖြစ်သည်။ နောက်ဆုံးတွင် မိမိတို့နိုင်ငံမှ လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆို ပါက နိုင်ငံခြားငွေသုံးစွဲမှုကိုပါ များစွာလျော့ချသွား နိုင်မည်ဖြစ်ပါသည်။

ယနေ့ကမ္ဘာကြီးတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကို အသုံးပြုမှုများပြားလာသည့်အတွက် မြန်မာနိုင်ငံသည်လည်း ကမ္ဘာကြီးတွင် နောက်ကျ မကျန်ရစ်စေဖို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို မဖြစ်ဖြစ်အောင် အသုံးပြုနိုင်ရန် နိုင်ငံတော် အကြီး အကဲက လမ်းညွှန်ထားခြင်းလည်း ဖြစ်သည်။ ကမ္ဘာပေါ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြု နေသော နိုင်ငံများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် သုံးစွဲနိုင်မှုကြောင့် စီးပွားရေး တိုးတက်မှုနှုန်းမှာ လည်း ကမ္ဘာတွင် ထိပ်တန်းသို့ ရောက်နေကြပြီ ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အောင်မြင်စွာ အသုံးပြုနိုင်ရေးကို ထဲထဲဝင်ဝင် လေ့လာဆောင်ရွက်ကြမည်ဆိုလျှင် အောင်မြင် မည်မှာ မလွဲကောင်းဖြစ်သည်။ နေရောင်ခြည်မှ ထုတ်လုပ်သော လျှပ်စစ်ထုတ်လုပ်နိုင်ရန် အိမ်ခေါင် မိုးများ၊ စက်ရုံအမိုးများတွင် ဆိုလာပြားများ တပ်ဆင် ရမည်၊ ထို့အတူ ဆည်ကြီးများပေါ်တွင် ရေပေါ်ဆိုလာ များ တည်ဆောက်ခြင်းဖြင့် ရေပေါ်ဆိုလာများမှ လျှပ်စစ်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ကြရမည်။ လက်ရှိတွင် မင်းဘူးရှိ ဆိုလာလျှပ်စစ်ထုတ်လုပ် သည့်နေရာမှ ၄၀ မဂ္ဂါဝပ် ချိတ်ဆက်ထားသည်။ ဆိုလာနှင့်လျှပ်စစ်ထုတ်လုပ်မှု လက်ရှိအခြေအနေ တွင် နည်းပါးနေသေးသော်လည်း နောင်တွင် ရင်နှီး မြှုပ်နှံမှုတိုးပွားလာခြင်းနှင့်အတူ ပြန်လည်ပြည့်ဖြိုး မြဲ စွမ်းအင်များသည်လည်း များစွာတိုးပွားလာနိုင် မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သစ်တောဧရိယာ ၅၁ ရာခိုင်နှုန်း ဖုံးလွှမ်းနေခြင်း၊ မြစ်ကြီးလေးသွယ် ရှိနေခြင်း တို့ကြောင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးပွား စေရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလား အလာများစွာရှိနေသော နိုင်ငံဖြစ်သည်။ ဆိုလာနှင့် ပတ်သက်ပြီး လျှပ်စစ်ထုတ်မည်ဆိုလျှင် မဂ္ဂါဝပ် ပေါင်း ၂၆၀၀၀ ကျော် ထုတ်လုပ်နိုင်ကြောင်းကို လည်း သုတေသနများ ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရှိရသည်။

ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်တွင် လည်း သင့်လျော်သောဈေးနှုန်းနှင့် ကာဗွန်ထုတ်လုပ် ခြင်းကင်းစင်သော လျှပ်စစ်များ ထုတ်လုပ်ကြရန် ကမ္ဘာ့နိုင်ငံတိုင်းက သဘောတူထားပြီးဖြစ်ပါသည်။ အချုပ်အားဖြင့်ဆိုရသော် နေရောင်ခြည်စွမ်းအင် ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို များများ ထုတ်လုပ်လာနိုင်ပါက လောင်စာအတွက် တင်သွင်းနေရသောကုန်ကျစရိတ်များ ရှိမည်မဟုတ် တော့ဘဲ နောင်တွင် လျှပ်စစ်ကားများ၊ ရထားများကို ပိုမိုအသုံးပြုလာနိုင်ပေမည်။

ထို့ကြောင့် နိုင်ငံသားတိုင်းအနေဖြင့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲနိုင်ရေး ကြိုးပမ်းမှုတွင် ပါဝင်ကြပါရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် များ အမြန်သာ တိုးပွားလာစေချင်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❑ မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးနှင့် လေအားသုံး လျှပ်စစ်ထုတ်လုပ်နိုင်သည့် အရင်းအမြစ်များ များစွာရှိသည်။ အဆိုပါ ပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးပြု၍ စက်သုံးဆီသုံးစွဲမှုများအား ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံခြားမှ မှာယူတင်သွင်းမှု လျော့နည်းသွားမည်ဖြစ်သည်။ နောက်ဆုံးတွင် မိမိတို့နိုင်ငံမှ လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကိုပါ များစွာလျော့ချသွားနိုင်မည်

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန (ရန်ကုန်) တည်ဆောက်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန (ရန်ကုန်) (Myanmar Arts Center–Yangon) တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာအဆင့်မီအနုပညာဗဟိုဌာန (ရန်ကုန်) တည်ဆောက်ပြီးစီးပါကနိုင်ငံတကာမှလာရောက်သော ယဉ်ကျေးမှုပဒေသာကပွဲများ၊ ကဇာတ်၊ ပြဇာတ်နှင့် တေးဂီတဆိုင်ရာ ဖျော်ဖြေမှုများ၊ အနုပညာနှင့် ဆက်စပ်သော ပန်းချီ၊ ပန်းပုဆိုင်ရာပြပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အနုပညာဆိုင်ရာပညာပေး ဟောပြောမှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။



အဆိုပါ အနုပညာဗဟိုဌာန တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ယနေ့ နံနက်ပိုင်းတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုး သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစဉ် အရည်အသွေး ကောင်းမွန်စွာ ဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ် ဒဏ်ခံနိုင်ရေး လျာထားတည်ဆောက်ရန်၊ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အကြံဉာဏ်ရယူ၍ နိုင်ငံတကာ ဖျော်ဖြေပွဲများ၊ ကပွဲများ ကျင်းပပြုလုပ်နိုင်သည်အထိ အဆင့်အတန်းမီစွာ ဆောင်ရွက်သွားရန်နှင့် သတ်မှတ်ကာလအမီ တည်ဆောက်သွားရန် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ Pan Pacific Yangon ဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေး အသင်း၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေး တွင် ပြည်ထောင်စုဝန်ကြီးက ပြောင်းလဲလာသော ခရီးသွားများ၏ ရွေးချယ်မှုပုံစံများ၊ နည်းပညာတိုးတက်မှုများနှင့် ဈေးကွက်ပြိုင်ဆိုင်မှုများကိုရင်ဆိုင်ကျော်လွှားနိုင်ရေး ဆန်းသစ်တီထွင်မှုရှိရန်နှင့် အခြေအနေနှင့်အညီ ပြောင်းလဲနိုင်စွမ်းရှိရန် လိုအပ်ကြောင်း၊ အားလုံးလက်တွဲ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုရေရှည်တည်တံ့ခိုင်မာသော ခရီးသွားလုပ်ငန်း တစ်ရပ်ကို အောင်မြင်စွာတည်ဆောက်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေး အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ အသင်း၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ငွေစာရင်း ရှင်းတမ်းများကို ရှင်းလင်းတင်ပြခြင်း၊ တက်ရောက်လာကြသူများက ဆွေးနွေးအတည်ပြုခြင်း၊ ၂၀၂၆-၂၀၂၇ သက်တမ်းအတွက် အလုပ်အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်



ထားဝယ် အောက်တိုဘာ ၃၁

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့လောကမာရဇိန် ဘုရားကြီးဝင်းအတွင်း သန့်ရှင်းသာယာပြီး သပ္ပာယ်ကြည်ညိုဖွယ် ကောင်းစေရန်ရည်ရွယ်၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရွှေတောင်စားစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုပြီး ရင်ပြင်တော်တွင် ဘုရားဖူးလာမိဘပြည်သူများ နေပူချိန်၌ခြေဖဝါးအပူဒဏ်မခံရဘဲ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ခင်းကျင်းမည့် အပူခံကျောက်ပြားများ အရည်အသွေး ကောင်းမွန်စေရေးနှင့် ရင်ပြင်တော် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုလျက်ရှိသည့် ဖိအားမြင့်ရေည့် သန့်စင်ရေး စက်ကိရိယာများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တနင်္သာရီ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဘုရားကြီးဝင်းအတွင်း ဘုရားစေတီများတွင် ပန်း၊ ရေချမ်းများ လဲလှယ်ကပ်လှူပေးခြင်း၊ ဘုရားရင်ပြင်တော်၊ စေတီပုထိုးများ၊ ဘုရားဝင်းအတွင်းရှိ လမ်းများ၊ ရေမြောင်းများ၊ အများပြည်သူ အသုံးပြုရာနေရာများရှိ အမှိုက်များနှင့် မြက်ပင်များကို စနစ်တကျ ရှင်းလင်းခြင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းသာယာရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မ ပြိုင်ပွဲများ ယှဉ်ပြိုင်ကြရာ အမျိုးသမီး (၅၇)ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ သက်မွန်မြင့်က အမြန်မစံချိန် ၆၅ ကီလို၊ နှစ်ဆင့်မစံချိန် ၉၈ ကီလိုနှင့် စုစုပေါင်း စံချိန် ၁၆၃ ကီလိုဖြင့် ပထမ၊ ရှမ်းပြည်နယ်အသင်းမှ စိုးရတနာထွန်းက အမြန်မစံချိန် ၆၆ ကီလို၊ နှစ်ဆင့်မစံချိန် ၇၅ ကီလိုနှင့် စုစုပေါင်း စံချိန် ၁၄၁ ကီလိုဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပိုးအိထွေးက အမြန်မစံချိန် ၅၉ ကီလို၊ နှစ်ဆင့်မစံချိန် ၇၂ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၃၁ ကီလိုဖြင့် တတိယ ရရှိခဲ့သည်။

ထို့အတူ အမျိုးသား(၆၅)ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ထက်အာကာဖြိုးက အမြန်မစံချိန် ၁၀၈ ကီလို၊ နှစ်ဆင့်မစံချိန် ၁၃၀ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၃၈ ကီလိုဖြင့် ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ထူးခန့်မော်က အမြန်မစံချိန် ၉၅ ကီလို၊ နှစ်ဆင့်မစံချိန် ၁၁၆ ကီလိုနှင့် စုစုပေါင်း စံချိန် ၂၁၁ ကီလိုဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်း



ဒေသကြီးအသင်းမှ ဆားစွမ်းက အမြန်မ စံချိန် ၉၈ ကီလို၊ နှစ်ဆင့်မစံချိန် ၁၁၂ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၁၀ ကီလိုဖြင့် တတိယရရှိခဲ့သည်။

ယနေ့ပြိုင်ပွဲ၏ အမျိုးသမီး(၅၇)ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ သက်မွန်မြင့်သည် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး နှစ်ဆင့်မပြိုင်ပွဲ၏ စံချိန် ၉၂ ကီလို ထက်ကျော်လွန်၍ ၉၈ ကီလိုဖြင့်လည်းကောင်း၊ အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်းပြိုင်ပွဲတွင် စံချိန် ၁၆၂ ကီလိုထက် ကျော်လွန်၍ ၁၆၃ ကီလိုဖြင့်လည်းကောင်း၊ အမျိုးသား (၆၅) ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ထက်အာကာဖြိုးသည် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အမြန်မစံချိန် ၁၀၃ ကီလိုထက် ကျော်လွန်၍ ၁၀၈ ကီလိုဖြင့် လည်းကောင်း၊ နှစ်ဆင့်မပြိုင်ပွဲ၏ စံချိန် ၁၂၉ ကီလိုထက် ကျော်လွန်၍ ၁၃၀ ကီလိုဖြင့် လည်းကောင်း၊ အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်းပြိုင်ပွဲတွင် စံချိန် ၂၃၀ ကီလိုထက်ကျော်လွန်၍ ၂၃၈ ကီလိုဖြင့် လည်းကောင်း ပြည်နယ်နှင့် တိုင်းဒေသကြီး၏ စံချိန်သစ်များ တင်နိုင်ခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီမှ စတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး) ကီလိုတန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မ ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို “အခမဲ့” လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ပန်းတနော်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

ပန်းတနော် အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုကြောင့် ရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ခရိုင်၊ မြို့နယ်များအတွင်းရှိ ကျေးရွာများတွင် သန့်ရှင်းသော သောက်ရေနှင့်လုံလောက်သောသုံးရေရရှိစေရေးအတွက် ကျေးရွာနှစ်ရွာတွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိသုံးစွဲနိုင်ရေးအတွက် အမြင့်တင်ရေစင် တည်ဆောက်ခြင်းနှင့် ရေသန့်စင်စက်တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပန်းတနော်မြို့နယ် ကျုံတိုင်းကြီးကျေးရွာအုပ်စု သဲကုန်းကျေးရွာနှင့် ထန်းပင်ကုန်းကျေးရွာတို့တွင် အမြင့်တင်ရေစင် တည်ဆောက်ခြင်းနှင့် ရေသန့်စင်စက် တည်ဆောက်ခြင်းလုပ်ငန်းများအား ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၆၀ ဒသမ ၀၈ သန်းဖြင့် ဌာနမှ နည်းပညာများ ပံ့ပိုးပေးပြီး ကျေးရွာပြည်သူများက ဆောင်ရွက်ခဲ့ကြရာ ယခုအခါရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင်စနစ်တကျ ထိန်းသိမ်းစီမံခန့်ခွဲနိုင်ရေးအတွက် ကျေးရွာရေပေးရေးကော်မတီများဖွဲ့စည်းပေးခြင်းနှင့်နည်းပညာအသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **တေဇလင်း**



ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။

လွိုင်ကော်မြို့တွင် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအရှိန်အဟုန်မပြတ် ဆောင်ရွက်

လွိုင်ကော် အောက်တိုဘာ ၃၁

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လွိုင်ကော်မြို့ကို မြို့တော်အင်္ဂါရုပ်နှင့်အညီ စိမ်းလန်းသောမြို့၊ သန့်ရှင်းသောမြို့ဖြစ်စေရေး အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ (၃၈) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက မြို့နာမ်ရွှေစေတီတော် ရင်ပြင်တော်၊ ဗုဒ္ဓမြတ်စွယ်တော်တိုက်၊ စေတီတော်အထက်ပစ္စယံနှင့် ဂန္ဓကုဋိ တိုက်အတွင်းရှိ ရုပ်ပွားတော်များ ရောင်တော်ဖွင့်ခြင်း ဝေယျာဝစ္စဆောင်ရွက်နေမှုများနှင့် စေတီတော်



ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး(**အပေါ်ပုံ**) လိုအပ်သည်များ မှာကြားသည်။

ထို့ပြင်ကယားပြည်နယ်နေ့ကျင်းပသည့် ကယားဒေးကွင်းသို့ သွားရောက်ပြီး ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်း၍ ကွင်းပတ်ဝန်းကျင်တွင် ချုံမြက်များ ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) သို့ သွားရောက်ပြီး အထူးတန်းပွဲကြည့်စင်၊ကစားသမားနားနေဆောင်များ၊ လူထုပွဲကြည့်စင်၊ ဘောလုံးကွင်းနှင့်ပြေးလမ်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘောလုံးကွင်းများ၊ အားကစားသမား နားနေခန်းများနှင့် ပွဲကြည့်စင်များအား သတ်မှတ်ထားသည့် အင်္ဂါရုပ်နှင့်အညီဖြစ်စေရေး စနစ်တကျပြုပြင်ဆောင်ရွက်ရန်နှင့် နားနေဆောင်များ၊ အားကစားရုံနှင့် ရုံပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည် အောက်တိုဘာ ၃၁

ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်မြို့ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေထင်က ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး သက်ဆိုင်ရာမိမိတို့အုပ်ချုပ်မှုနယ်မြေများအလိုက် ပြည်သူပါဝင်သည့် လုံခြုံရေးစနစ်ကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ရဲတပ်ဖွဲ့ဝင်များသည် မိမိအုပ်ချုပ် နယ်မြေအတွင်း ရပ်ကွက် / ကျေးရွာများကို လှည့်ပတ်စစ်ဆေးရန် မှာကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)မှ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူးများက ရပ်ကွက်/ကျေးရွာများအလိုက် ဆောင်ရွက်ပေးလျက်ရှိသည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများက ရပ်ရွာဒေသလုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့အတူ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ခရိုင် / မြို့နယ်များအလိုက် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မည့် အခြေအနေကို အကြံပြုဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

တောင်ငူခရိုင်အတွင်းရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ နေပြည်တော်သို့ သွားရောက်လေ့လာ

တောင်ငူ အောက်တိုဘာ ၃၁

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ကြီးကြပ်၍ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းက တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များမှ ကျောင်းသား ကျောင်းသူ ၂၀၀၊ ဆရာ ဆရာမနှင့် အုပ်ချုပ်သူ ၄၀ စုစုပေါင်း ၂၄၀ သည် ယနေ့တွင် မော်တော်ယာဉ် ကိုးစီးဖြင့် နေပြည်တော်ရှိ မာရဝိဇယဘုရား၊ အမျိုးသားပြတိုက်၊ စစ်သမိုင်းပြတိုက်၊ သူရဲကောင်းမိမာန်များသို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများသည် မာရဝိဇယဘုရားကို ဖူးမြော်ကြည်ညိုကြပြီး အမျိုးသားပြတိုက် (နေပြည်တော်) သို့ သွားရောက် လေ့လာကြရာ ပြတိုက်တွင် မြန်မာနိုင်ငံ၏ သမိုင်းမတင်မိခေတ်မှစ၍ ကျောက်ခေတ်၊ သံခေတ်နှင့် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ ကုန်းဘောင် စသည့်ခေတ် အဆက်ဆက်မှ ရှေးဟောင်း ပစ္စည်းများနှင့် အသုံးအဆောင်များ၊ ဘုရင်မင်းမြတ်များ၏ တော်ဝင်အသုံးအဆောင်များနှင့် ရိုးရာအနုပညာ လက်ရာများ၊ မြန်မာနိုင်ငံအတွင်းရှိတိုင်းရင်းသား လူမျိုးစုများ၏ ရိုးရာဝတ်စုံများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းပစ္စည်းများ၊ မြန်မာပြည်တွင်းတွင် တွေ့ရှိရသည့် ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် သဘာဝဝတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များပြခန်းများကို လေ့လာမှတ်သားကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်း ပြတိုက် (နေပြည်တော်) သို့ ရောက်ရှိကြပြီး တပ်မတော်(ကေ) ပြင်ပပြတိုက်တွင် ခင်းကျင်းပြသထားသော တပ်မတော်လေယာဉ်များ၊ တပ်မတော်(ရေ) ပြင်ပပြတိုက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူ ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။ ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ရုံး၊ မြန်မာ့တပ်မတော်မှတ်တမ်းဓာတ်ပုံများ၊ စစ်လက်နက်များနှင့် သမိုင်းမှတ်တမ်းပြတိုက်တို့ကို ကြည့်ရှုလေ့လာကြရာ ပြတိုက်တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် သူရဲကောင်းဗိမာန်သို့ သွားရောက်လေ့လာကြပြီး ညနေ ၅ နာရီတွင် တောင်ငူမြို့သို့ ပြန်လည်ထွက်ခွာခဲ့သည်။

ဇော်ကိုကို(တောင်ငူ)

ချောက်မြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

ချောက် အောက်တိုဘာ ၃၁

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၃၈) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချောက်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် မြို့နယ်ခုတင် (၅၀) ဆုံ ပြည်သူ့ဆေးရုံ၌ အတွင်းအပြင်ရှိ အမှိုက်၊ ပေါင်းမြက်များ၊ အဆောက်အအုံပေါ်ရှိ ကျရောက်နေသည့် သစ်ကိုင်းများ ရှင်းလင်းခြင်းနှင့် စုပေါင်းသွေးလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး စုပေါင်းသွေးလှူဒါန်းသူများအတွက် အားဆေးများ၊ အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့သည်။



ကိုမိုး(ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ မီးလောင်မီးလန့်မှုများ မဖြစ်ပွား မပေါ်ပေါက်စေရေးအတွက် အောက်တိုဘာ ၃၁ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ စက်ရုံများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့်အသိပညာပေးဟောပြောသရုပ်ပြသခြင်းများ ဆောင်ရွက်စဉ်။ ဘုန်းမြတ်

မြန်မာ-အိန္ဒိယ 8th Army to Army Staff Talks အစည်းအဝေးကျင်းပ





နေပြည်တော် အောက်တိုဘာ ၃၁

မြန်မာ-အိန္ဒိယ 8th Army to Army Staff Talks အစည်းအဝေးကို အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက် နံနက်ပိုင်းတို့တွင် နေပြည်တော်ရှိ Park Royal Hotel ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိလင်းအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ အိန္ဒိယတပ်မတော်မှ Major General Mahipal Singh Rathore (Additional Director General of International Cooperation) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ဆွေးနွေးကြသည်။(အောက်ပို့)

ဦးစွာ မြန်မာ့တပ်မတော်အဖွဲ့ ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိလင်းအောင်နှင့် အိန္ဒိယတပ်မတော်မှ အဖွဲ့ခေါင်းဆောင် Major General Mahipal Singh Rathore (Additional Director General of International Cooperation) တို့က နှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် အပြန်အလှန် ဆွေးနွေးကြသည်။ ယင်းနောက် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားရှင်းလင်းကြပြီး နှစ်နိုင်ငံအဖွဲ့ ခေါင်းဆောင်များသည် နိဂုံးချုပ်အမှာစကားများ အသီးသီးပြောကြားကြသည်။ ယင်းနောက် အမှတ်တရပစ္စည်းများ အပြန်အလှန်လဲလှယ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အိန္ဒိယတပ်မတော် ကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာ ၂၈ ရက် ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိလင်းအောင်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာ-အိန္ဒိယ 8th Army to Army Staff Talks အစည်းအဝေးသို့ တက်ရောက်လာကြသည့် အိန္ဒိယတပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မဟာသကျရံသီဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ထို့ပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေဖြို့နယ်ရှိ အင်းလေးကန်သို့ သွားရောက်လေ့လာလည်ပတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



နေပြည်တော် အောက်တိုဘာ ၃၁

သမိုင်းစဉ်ကာလ တစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်း မြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့ကြသည့် သူရဲကောင်းများ၊ သူ့ကျွန်မခံတွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေးကြိုးပမ်းမှု ကာလနှင့်လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များအား မြင်တွေ့လေ့လာမှုများမှ တစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ်စိတ်ဓာတ် ရင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက်တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မှန်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဥာဏ်စမ်း ပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို ဖွန့်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတင်းစဉ်





ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း ၄၁)

စိုက်ပျိုးမွေးမြူရေးအင်ဂျင်နီယာပညာ (အပိုင်း-၂)

■ *ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်-ငြိမ်း)*



စက်ဖြင့်စပါးသိန်းနှံ ရိတ်သိမ်းခြင်းလေ့ကျင့်ခြင်း။

သြစတြေးလျနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ စသည့်ကမ္ဘာ့နိုင်ငံများတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ထိပ်တန်းရောက်နေရခြင်းသည် **စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာရေး**တို့ နှစ်စဉ် တိုးတက်ပြောင်းလဲသင်ကြား၊ သုတေသနပြုလာမှုအပေါ်မူတည်၍ ကမ္ဘာ့စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထိပ်တန်းရောက်နိုင်ငံများဖြစ်နေခြင်း ဖြစ်ပါသည်။ ထိုနိုင်ငံတကွသိုလ်များရှိ စိုက်ပျိုးမွေးမြူရေးပညာသင်ကြား၊ သုတေသနများ ဆောင်ရွက်နေမှုတို့ကို လေ့လာ၊ အတုယူနိုင်ရန် အဓိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာအဖြစ် စိုက်ပျိုးမွေးမြူရေးအင်ဂျင်နီယာပညာရပ်အကြောင်း ဆက်လက်ရေးသား ဆွေးနွေးလိုပါသည်။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါမှု

စိုက်ပျိုးရေးအင်ဂျင်နီယာပညာက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ အလုပ်အကိုင်ဖန်တီးပေးရေး၊ နိုင်ငံတကာနှင့် ပို့ကုန်ပြိုင်ဆိုင်နိုင်စွမ်းရည်ရနိုင်မှု၊ ရေရှည်တည်တံ့သော စိုက်ပျိုး မွေးမြူရေး၊ အစိမ်းရောင် စီးပွားရေးစသည်တို့အတွက် အထောက်အကူပြုနိုင်ပါသည်။

အဓိကနယ်ပယ်များ

ကျောင်းသား ကျောင်းသူများ၊ သုတေသနပညာရှင်များသည် များသောအားဖြင့် အောက်ပါနယ်ပယ်တို့ကို လေ့လာသုတေသနပြုပြီး တောင်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြပါသည်-

(က) လယ်ယာစွမ်းအင်နှင့် စက်ယန္တရား၊ ထွန်စက်များ၊ လယ်ယာသုံးကိရိယာတန်ဆာပလာများ၊ လယ်ယာမွေးမြူရေးလုပ်ငန်းသုံး စက်ယန္တရားစီမံခန့်ခွဲမှုစသည် . . .။

(ခ) ဆည်မြောင်းနှင့် ရေသွင်း၊ ရေနုတ်မြောင်းအင်ဂျင်နီယာပညာ၊ ရေအရင်းအမြစ်ရှာဖွေဖော်ထုတ်မှုများ၊ လယ်ယာတူးမြောင်းများ ဒီဇိုင်းရေးဆွဲခြင်း၊ ရေစုပ်စက်များ၊ ရေသွင်းချိန်အတိအကျ ဇယားဆွဲခြင်း စသည် ...။

(ဂ) မြေဆီလွှာနှင့် ရေအင်ဂျင်နီယာပညာ၊ မြေဆီလွှာထိန်းသိမ်းခြင်း၊ ရေဝေရေလဲနယ်မြေစီမံခန့်ခွဲခြင်း၊ မြေတိုက်စားမှုထိန်းချုပ်ခြင်းစသည် ...။

(ဃ) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အဆောက်အအုံများ၊ လယ်ယာအဆောက်အအုံများ၊ သီးနှံ၊ စိုက်ပျိုးရေးသွင်းအားစုသိုလှောင်ရုံများ၊ မွေးမြူရေးခြံများ စသည် ...။

(င) လယ်ယာသီးနှံ ပြုပြင်ဆောင်ရွက်ရေးဆိုင်ရာအင်ဂျင်နီယာပညာ၊ ဆန်ကြိတ်ခြင်း၊ စားသောက်ကုန်အင်ဂျင်နီယာပညာ၊ သီးနှံ၊ အသား၊ ငါး၊ နို့ စသည့် လယ်ယာထွက်ကုန်ပစ္စည်းများ အအေးခံခြင်း၊ အခြောက်ခံခြင်း စသည့်စနစ်များ စသည် ...။

(စ) လယ်ယာကဏ္ဍဆိုင်ရာ ပြန်လည်ပြည့်ပြည်ဖြိုးမြဲစွမ်းအင်များ၊ နေရောင်ခြည်စွမ်းအင်၊ ဇီဝဓာတ်ငွေ့၊ ဇီဝလောင်စာ၊ လေစွမ်းအင်၊ ရေစွမ်းအင် စသည် ...။

(ဆ) တိကျမှုမြင့်မားသော စိုက်ပျိုးမွေးမြူရေးပညာ၊ ပထဝီအချက်အလက်ပညာ၊ လယ်ယာတည်နေရာပြစနစ်၊ လယ်ယာစက်ပစ္စည်းများအား အဝေးမှ အာရုံခံခြင်း၊ မောင်းသူမဲ့လေယာဉ်ငယ်များ၊ အလိုအလျောက် ထွန်ယက်စိုက်ပျိုးစနစ်များ စသည် ...။

စိုက်ပျိုးရေးအင်ဂျင်နီယာပညာရေး၏ အဓိကအခြေခံရည်ရွယ်ချက်များ

၁။ လုပ်သားတစ်ဦးချင်း၏ လုပ်ငန်းဆောင်ရွက်နိုင်စွမ်းကို မြှင့်တင်ရန်၊

၂။ စိုက်ပျိုးရေးလုပ်ငန်းများကို သင့်လျော်သော အချိန်တွင် အချိန်မီပြီးစီးစေရန်၊

၃။ သီးနှံစိုက်ပျိုးခြင်း၊ မြေပြုပြင်ခြင်းနှင့် ရိတ်သိမ်းခြင်းတို့၏ အချိန်တိုထိရောက်မှုကို မြှင့်တင်ရန်၊

၄။ သင့်လျော်သော စက်ကိရိယာများကို ရွေးချယ်အသုံးပြု၍ ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ချရန်၊

၅။ ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုများကို လျှော့ချရန်၊

၆။ လယ်သမားများ၏ လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှုနှင့် လုပ်ငန်းခွင်အခြေအနေများကို တိုးတက်ကောင်းမွန်စေရန်၊

၇။ တိကျသောစိုက်ပျိုးရေးနှင့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုးရေးကို အထောက်အကူပြုရန်၊

၈။ လုပ်သားရွာပါးမှုပြဿနာကို ဖြေရှင်းပြီး စိုက်ပျိုးရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်။

ခ။ စိုက်ပျိုးရေးဆိုင်ရာ စက်မှုလယ်ယာ၏ အမျိုးအစားများနှင့် အဆင့်များ

(ခ-၁) လူအားကို အခြေခံသော စိုက်ပျိုးရေး

စွမ်းအားအရင်းအမြစ်-လူအားဖြင့်ဆောင်ရွက်ခြင်း ပေါက်ပြား၊ တံစဉ်၊ ဂေါ်ပြားနှင့် လက်ဖြင့် အသုံးပြုရသော မျိုးစေ့ချကိရိယာများကို အသုံးပြုပါသည်။ *စာမျက်နှာ ၁၁ သို့*



အငယ်စားလယ်ယာသုံးကိရိယာများ။



ပထမဆုံးထယ်ရေး။

စက်မှုလယ်ယာမပေါ်စဉ်က ကျွဲ၊ နွား၊ မြင်းများ ဆွဲ၍ မစိုက်ပျိုးခင် မြေပြင်ခြင်းအလုပ်၊ မျိုးစေ့ချခြင်းလုပ်ငန်း၊ သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းများစွာ ဆောင်ရွက်ခဲ့ရပါသည်။ မြန်မာနိုင်ငံ ကျေးလက်ဒေသအချို့တွင် ယနေ့ခေတ်အထိ အသုံးပြုနေဆဲဖြစ်ပါသည်။ တောင်သူများအသုံးပြုရန် ထိုကိရိယာများ ထိရောက်မှုရှိစေရန် စိုက်ပျိုးရေးအင်ဂျင်နီယာ ရှုထောင့်မှ သုတေသနပြု တီထွင်ဖန်တီးပေးရန် လိုပါမည်

စိုက်ပျိုးမွေးမြူရေးအင်ဂျင်နီယာပညာရေးဖြင့် ရရှိသည့် ကျွမ်းကျင်မှုများ

စိုက်ပျိုးမွေးမြူရေးအင်ဂျင်နီယာဘွဲ့ရ ဒီပလိုမာလက်မှတ်ရသူများက စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အင်ဂျင်နီယာဆိုင်ရာ ဒီဇိုင်းရေးဆွဲခြင်း၊ လယ်ယာစက်ယန္တရားများ မောင်းနှင်ထိန်းသိမ်းခြင်း၊ လယ်ယာလုပ်ငန်းများတွင် ကွန်ပျူတာအကူအညီဖြင့် ဒီဇိုင်းရေးဆွဲခြင်း၊ လယ်ယာမြေတိုင်းထွာခြင်း၊ လယ်ယာသုံးရေများစီမံခန့်ခွဲခြင်း၊ လယ်ယာအင်ဂျင်နီယာဆိုင်ရာပြဿနာဖြေရှင်းခြင်း၊ လယ်ယာလုပ်ငန်းတွင် ခေတ်မီနည်းပညာများကို အသုံးပြု၍ သီးနှံထုတ်လုပ်မှု၊ လုပ်သားများ၏ လုပ်ငန်းဆောင်ရွက်နိုင်စွမ်း၊ လယ်ယာအမြတ်အစွန်းနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် ရည်ရွယ်ပါသည်။

မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးနှင့် နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ဤဘာသာရပ်ကို သင်ကြားရာ၌ သီအိုရီသင်ခန်းစာများ၊ အင်ဂျင်နီယာဆိုင်ရာ တွက်ချက်မှုများ၊ စက်ကိရိယာများကို လက်တွေ့အသုံးပြုခြင်း၊ ကွင်းဆင်းလေ့လာခြင်း၊ စက်ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဒီဇိုင်းတို့ကို ကျွမ်းကျင်စွာ သင်ကြားပို့ချပေးနိုင်ပါသည်။

(က) စိုက်ပျိုးရေးဆိုင်ရာ စက်မှုလယ်ယာဘာသာခွဲ

စိုက်ပျိုးရေးဆိုင်ရာ စက်မှုလယ်ယာပညာသည် စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်တွင် အလွန်အရေးပါသော ဘာသာရပ်တစ်ခုဖြစ်ပါသည်။ ဤဘာသာရပ်သည် စိုက်ပျိုးရေးစက်ကိရိယာများ၊ စက်ယန္တရားများ၊ စွမ်းအင်အရင်းအမြစ်များနှင့် စက်ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဒီဇိုင်းတို့ကို ပေါင်းစပ်သင်ကြား၊ သုတေသနပြုသင့်ပါသည်။

(က-၁) စိုက်ပျိုးရေးဆိုင်ရာ စက်မှုလယ်ယာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

စိုက်ပျိုးရေးဆိုင်ရာ စက်မှုလယ်ယာဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းများတွင် လူအား၊ တိရစ္ဆာန်အား၊ စက်အားနှင့် သင့်လျော်သော စွမ်းအင်အရင်းအမြစ်များကို အသုံးချ၍ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်ခြင်း၊ လုပ်သားလိုအပ်ချက်ကို လျှော့ချခြင်း၊ သတ်မှတ်အချိန်အတွင်း လုပ်ငန်းများကို ပြီးစီးစေခြင်းနှင့် လယ်ယာထုတ်လုပ်မှု၏ အကျိုးအမြတ်ကို တိုးမြှင့်ခြင်းတို့ကို ဆိုလိုပါသည်။

ဤလုပ်ငန်းတွင် မြေပြုပြင်ခြင်းမှစ၍ မျိုးစေ့ချခြင်း၊ စိုက်ပျိုးခြင်း၊ မြေဩဇာထည့်သွင်းခြင်း၊ ပိုးမွှားရောဂါကာကွယ်ခြင်း၊ ရိတ်သိမ်းခြင်း၊ ရိတ်သိမ်းပြီးနောက် ပြုပြင်ထုတ်လုပ်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းအထိ ပါဝင်ပါသည်-

(က-၂) စိုက်ပျိုးရေးဆိုင်ရာ စက်မှုလယ်ယာ၏ အဓိကရည်ရွယ်ချက်များ

ဘုရား၊ စေတီပုထိုးများ၊ သာသနာ့ဗိမာန်တော်၊ ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံတို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၁

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေး အဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလှုပ်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေး အတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မော့ဘီမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ရှိ ဘုရား၊ စေတီပုထိုးများ၊ သာသနာ့ဗိမာန်တော်၊ ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံတို့၏ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အတိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ဒိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ



တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပြီး ရေလှောင်တမံ ရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ လျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၃၁ ရက် ညနေပိုင်းတွင် တမံရှိရေ ၂၉၆ ပေသာ ကျန်ရှိတော့သဖြင့် ၁၉ ပေခန့် ရေထုတ်လွှတ် လျှော့ချပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါတမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံ



ပြည်သူများအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ဘုန်းတော်ကြီး ကျောင်းများနှင့် စာသင်ကျောင်းများရှိ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံ တပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

ဘုတ်ပြင်းမြို့နယ်၌ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဆိုင်ရာအသိပညာပေးဟောပြော

ဘုတ်ပြင်း အောက်တိုဘာ ၃၁

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားခြင်း၊ ရာသီဥတုပူပြင်းခြောက်သွေ့ခြင်းတို့ ဖြစ်ပေါ်လာနိုင်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၃၀ ရက်က အတွင်းဘုတ်ပြင်းကျေးရွာအုပ်စု ကရိုင်တိုင်ကျေးရွာရှိ ကျေးရွာပိုင်အဆောက်အအုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာမင်းက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများသည် စိုက်ပျိုးရေးလုပ်ငန်းများအပေါ် တိုက်ရိုက်သက်ရောက်မှုရှိနိုင်သဖြင့် တောင်သူများအနေဖြင့် ကြိုတင်သိရှိနားလည်ပြီး လိုအပ်သည့်ပြင်ဆင်မှုများကို အချိန်မီလုပ်ဆောင်နိုင်ရန်နှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းခြင်းမရှိစေရန် သီးနှံအထွက်နှုန်းတိုးတက်ရေး၊ စိုက်ပျိုးရေး၊ ကုန်ကျစရိတ်လျော့ချရေးနှင့်သီးနှံဆုံးရှုံးမှုများ ကာကွယ်ရေးတို့ကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထွက်ရှိလာသည့် စိုက်ပျိုးရေးထွက်ကုန်များကို စနစ်တကျသိုလှောင်ထိန်းသိမ်းခြင်း၊ ဆုံးရှုံးမှုနည်းပါးစေရေးနှင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးတို့ကို ကြိုတင်စီမံဆောင်ရွက်ထားရန်လိုအပ်ကြောင်း ပြောကြားသည်။ ယင်းနောက် ဌာနဆိုင်ရာများက အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ ကဏ္ဍအလိုက် အသီးသီးပြောကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



ရေဖြူမြို့နယ်၌ အယ်လ်နီညိုရာသီဥတုနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်နည်းပညာသင်တန်းဖွင့်

ရေဖြူ အောက်တိုဘာ ၃၁

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့



နံနက်က တောင်သူများဖြင့် အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ် နည်းပညာသင်တန်းဖွင့်လှစ်ရာ မြို့နယ်ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်ကိုကိုက စိုက်ခင်းအတွင်းရေယိုစိမ့်မှုနှင့် ရေဆုံးရှုံးမှုများကို လျှော့ချရန်နှင့် ရေသုံးစွဲသူ တောင်သူအချင်းချင်း ပူးပေါင်းညှိနှိုင်း၍ ရေကို မျှတစွာခွဲဝေသုံးစွဲနိုင်ရေးနှင့် လိုအပ်ပါက သီးနှံပင်များအား အစေ့ချစနစ်ဖြင့် သုံးစွဲနည်းများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာကို တောင်သူများအား ပို့ချဆွေးနွေးကာ နေကြာ၊ အစေ့ထုတ်ပြောင်း၊ နွေစပါးမျိုးစေ့များအား တောင်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

စာမျက်နှာ ၁၀ မှ

အိမ်ရာဥယျာဉ်၊ လယ်ယာမြေအကွက်ကျဉ်းငယ်များနှင့် လူအားအသုံးပြုမှုများသော လုပ်ငန်းများတွင် အရေးပါနေဆဲဖြစ်သည်။

(ခ-၂) တိရစ္ဆာန်ဆွဲလယ်ယာသုံးကိရိယာများ

စက်မှုလယ်ယာမပေါ်စဉ်က ကျွဲ၊ နွား၊ မြင်းများ ဆွဲ၍ မစိုက်ပျိုးခင် မြေပြင်ခြင်းအလုပ်၊ မျိုးစေ့ချခြင်း လုပ်ငန်း၊ သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းများစွာ ဆောင်ရွက်ခဲ့ရပါသည်။ မြန်မာနိုင်ငံ ကျေးလက်ဒေသအချို့တွင် ယနေ့ခေတ်အထိ အသုံးပြုနေဆဲဖြစ်ပါသည်။ တောင်သူများအသုံးပြုရန် ထိုကိရိယာများ ထိရောက်မှုရှိစေရန် စိုက်ပျိုးရေးအင်ဂျင်နီယာရှုထောင့်မှ သုတေသနပြု တီထွင်ဖန်တီးပေးရန် လိုပါသည်။

(ခ-၃) အသေးစားနှင့် အလတ်စား စက်မှုလယ်ယာ

စွမ်းအားအရင်းအမြစ် – အင်ဂျင်ငယ်များနှင့် နှစ်ဘီး ထွန်စက်များ

လက်တွန်းထွန်စက်၊ အသေးစားကောက်နယ်စက်၊ မော်တာတပ်ဆေးဖျန်းစက်နှင့် ရေတင်စက်များ ပါဝင်သည်။ လယ်ယာမြေကွက်ငယ်များ၊ မြေကွက်များစွာ ခွဲခြားနေသော လယ်ယာလုပ်ငန်းများအတွက် သင့်လျော်နိုင်ပါသည်။

စာရေးသူအတွေး

အဓိနိုင်ငံ တောင်သူဦးကြီးများအတွက် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၌ စက်မှုလယ်ယာတစ်ခုတည်းပင် သင်ယူလေ့လာစရာ၊ သုတေသနပြုလုပ်စရာ များစွာရှိပါသေးသည်၊ စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များနှင့် နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ ပူးပေါင်းဆောင်ရွက်ဖို့တော့ လိုပါလိမ့်မည်။ နိုင်ငံတကာတွင်တော့ စိုက်ပျိုးမွေးမြူရေး အင်ဂျင်နီယာပညာကို အစိုးရတက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများသာမက ပုဂ္ဂလိက အဆင့်မြင့်ပညာသင်တက္ကသိုလ်များနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများက ကျေးလက်နေ တောင်သူဦးကြီးများအတွက် တစ်ဖက်တစ်လမ်းမှ အားဖြည့်ကူညီပေးလျက်ရှိနေပါသည်။ ။

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၁

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေး အတွက် အိမ်နီးချင်းနိုင်ငံများ။ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိအွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၅၀ ရာခိုင်နှုန်းဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ် အဆောက်အအုံ ၁ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့တွင် ၂၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန် တစ်ရပ် လျက်ရှိကြောင်း သတင်းရရှိသည်။

အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်း (၁၀၀)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၆) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

မဖြိုဖျက်မီ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၆) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၆) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၆) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု

ချမ်းမြသာစည်မြို့နယ်ရှိ မီးသတ်ကား အလွယ်တကူဝင်ရောက်မရသောနေရာများ မီးဘေးလုံခြုံရေးဆောင်ရွက်

ချမ်းမြသာစည် အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ မြို့နယ်အတွင်း ပွင့်လင်းရာသီနှင့် အယ်လ်နီညိုသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ အပူချိန်မြင့်တက်လာခြင်းကြောင့် မြို့ဟောင်းဈေးအနီး မီးသတ်ကား အလွယ်တကူဝင်ရောက်မရသော နေရာများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး တစ်အိမ်တက်ဆင်းကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက တမွဝတီရပ်ကွက်၌ ဆောင်ရွက်ရာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းက သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းကာ မြို့ဟောင်းဈေးအနီး တမွဝတီ ရပ်ကွက်အတွင်းရှိ မီးသတ်ကား အလွယ်တကူဝင်ရောက်၍ မရသောနေရာများတွင် ရေအလုံအလောက်ရရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မီးသတ်ဆေးဘူးများ ထားရှိစေရေး၊ မိမိတို့ကိုယ်တိုင် မီးငြိမ်းသတ်နိုင်ရေး တစ်အိမ်တက်ဆင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးသတ်မှုရေး အသိပညာပေး လက်ကမ်းစာဆောင်များ ဖြန့်ဝေခြင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **အလင်းသစ်(ပြန်/ဆက်)**



ဝါးခယ်မမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဝါးခယ်မ အောက်တိုဘာ ၃၁

ဝါးခယ်မမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ယနေ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ သက္ကမဟာသီရိဘုရားကြီး ပရိဝုဏ်သန့်ရှင်းသပ်ရပ်စေရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ဘုရားပန်းများလဲခြင်း၊ ဘုရားဝင်းအတွင်း အမှိုက်များရှင်းလင်းခြင်း၊ ရင်ပြင်တော်သန့်ရှင်းရေးပြုလုပ်ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ရီရီလွင်(ပြန်/ဆက်)



❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

M League II အပတ်စဉ်(၃) ပြိုင်ပွဲ Junior Lions အသင်း အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၃၁

M League II 2026–2027 ပြိုင်ပွဲ အပတ်စဉ် (၃) တတိယနေ့ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ Junior Lions အသင်း အနိုင်ရခဲ့ပြီး Royal Dagon အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။



တက္ကသိုလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် Junior Lions အသင်းက Enjoy Brother အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ Junior Lions အသင်း အတွက် ဦးဆောင်ဂိုးများကို ၅၆ မိနစ်တွင် ရဲရင့်ဝသုန်အောင်နှင့် ၇၆ မိနစ်တွင် စွမ်းဇာနည်တို့က သွင်းယူပေးခဲ့သည်။ အဆိုပါပွဲစဉ် ၏ AYA Pay Player of the Match ဆုကို Junior Lions အသင်းမှ အံ့ထူးပိုင်က ရရှိခဲ့သည်။

ပဒုံမာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် အမှတ်ပေးဇယား အဆင့်(၃)နေရာမှ Royal Dagon အသင်းနှင့် အဆင့်(၄)နေရာမှ ရာမညယူနိုက်တက်အသင်း ပွဲစဉ်တွင် ဦးဆောင်ဂိုးရရှိရေး အပြန်အလှန်ထိုးဖောက် ကစားခဲ့ကြသော်လည်း နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အပတ်စဉ်(၃) နောက်ဆုံး ပွဲစဉ်အဖြစ် နိုဝင်ဘာ ၁ ရက် (ယနေ့)တွင် ပဒုံမာကွင်း၌ မနောအသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နေမျိုး ဓာတ်ပုံ–MLII

❑ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲသို့ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ အားကစားရေးရာဝန်ကြီးဌာနရှိ ဌာနခွဲများမှ လက်ထောက်အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ပြိုင်ပွဲတွင် သက်ဆိုင်ရာ ကဏ္ဍများအလိုက် တာဝန်ယူဆောင်ရွက်ကြမည့် ဒိုင်လူကြီးများ၊ တိရစ္ဆာန်ကုဆရာဝန် (Vet) အဖွဲ့နှင့် ပြိုင်ပွဲအထောက်အကူပြုအဖွဲ့များ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

အရည်အချင်းစစ်ပြိုင်ပွဲကို အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက Flag–off အလံလွှင့်ပြီး မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က ခေါင်းလောင်းတီး၍ တစ်ပြိုင်တည်း တာလွှတ်ဖွင့်လှစ်ပေးသည်။

ယနေ့ ပြိုင်ပွဲ ပွဲစဉ်အဖြစ် (၆၀ ကီလိုမီတာ) ခရီးရှည်မြင်းစီး အားကစားအရည်အချင်းစစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမား ရှစ်ဦးသည် မြင်းရှစ်ကောင်၊ စုစုပေါင်းအတွဲ ရှစ်တွဲနှင့် (၄၀ ကီလိုမီတာ) ခရီးရှည်မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစား သမားခြောက်ဦးသည် မြင်းခြောက်ကောင်၊ စုစုပေါင်း အတွဲခြောက်တွဲတို့ဖြင့် ပြိုင်ပွဲအား စတင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမား များနှင့် မြင်းများ သတ်မှတ်ထားသည့် Water Point နေရာသို့ ရောက်ရှိသည့်အခါ မြင်းများကို ရေလောင်းပေးခြင်း/ရေတိုက်ခြင်းတို့ ဆောင်ရွက်ကြသည်။

၆၀ ကီလိုမီတာ ပြိုင်ပွဲဝင်များသည် ပထမလမ်းပိုင်းအဖြစ် ၂၀ ကီလိုမီတာအတွက် ပထမအကြော့ စီးနင်း၍ ပြိုင်ပွဲကွင်းနေရာသို့ပြန်လည် ရောက်ရှိသတင်းပို့ခြင်း၊ သတ်မှတ်နေရာများတွင် မြင်းများအား ရေလောင်းပေးခြင်း/ရေတိုက်ခြင်း၊ တိရစ္ဆာန်ကုဆရာဝန် (Vet)အဖွဲ့က ပြိုင်ပွဲဝင်မြင်းများ၏ ကျန်းမာရေး၊ နှလုံးခုန်နှုန်း စစ်ဆေးခြင်းနှင့်သက်ဆိုင်ရာ ဒိုင်လူကြီးအဖွဲ့တို့က မြင်းများအား (အဝင်/အထွက်) မှတ်ပုံတင်စစ်ဆေးခြင်းတို့ ဆောင်ရွက်ကြသည်။

အလားတူ ဒုတိယလမ်းပိုင်းနှင့် တတိယလမ်းပိုင်းအဖြစ် ၂၀ ကီလိုမီတာ နှစ်ကြော့အတွက် ပြိုင်ပွဲဝင်အားကစားသမားများနှင့် မြင်းများသည် သတ်မှတ်အချိန်တွင် ပြိုင်ပွဲ၏ တာလွှတ်နေရာများမှ ပြန်လည်ထွက်ခွာရာ သတ်မှတ်ထားသော Water Point နေရာသို့ ရောက်ရှိသည့်အခါ မြင်းများအား ရေလောင်းပေးခြင်း/ရေတိုက်ခြင်း ဆက်လက်ဆောင်ရွက်ပေးသည်။

(၆၀ ကီလိုမီတာ) ခရီးရှည်မြင်းစီး အားကစား အရည်အချင်းစစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဝင် အားကစားသမား ရှစ်ဦးနှင့် မြင်းရှစ်ကောင် စုစုပေါင်းအတွဲ ရှစ်တွဲအနက် အားကစားသမား ခုနစ်ဦးနှင့် မြင်းခုနစ်ကောင်၊ (၄၀ ကီလိုမီတာ) ခရီးရှည်မြင်းစီး အားကစား အရည်အချင်းစစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဝင်အားကစား သမားခြောက်ဦးနှင့် မြင်းခြောက်ကောင်၊ စုစုပေါင်း အတွဲခြောက်တွဲအနက် အားကစား သမားလေးဦးနှင့် မြင်းလေးကောင်တို့သည် မြင်းစီးအားကစားကွင်းရှိ ပန်းဝင်ရန် သတ်မှတ်ထားသည့်နေရာ၌ ပန်းဝင်ကြသည်။

ဆက်လက်၍ ၆၀ ကီလိုမီတာနှင့် ၄၀ ကီလိုမီတာ ခရီးရှည်မြင်းစီး အရည်အချင်းစစ်ပြိုင်ပွဲတွင် အောင်မြင်ခဲ့သည့် အားကစားသမားများနှင့် မြင်းများအား အရည်အချင်းစစ်ဆေးမှု အောင်မြင်ကြောင်း အောင်လက်မှတ်များ ပေးအပ်ပွဲကျင်းပရာ တိရစ္ဆာန်ကုဆရာဝန် ပါမောက္ခ ဒေါက်တာဝင့်ဥမ္မာကျော်က ပြိုင်ပွဲဝင် မြင်းများ၏ ဆေးစစ်ဆေးမှုရလဒ်များ၊ ပြိုင်ပွဲသုံးသပ်ချက်များကို ရှင်းလင်းပြောကြားသည်။

(၆၀ ကီလိုမီတာနှင့် ၄၀ ကီလိုမီတာ) ခရီးရှည် မြင်းစီးအားကစားအရည်အချင်းစစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲဝင် အားကစားသမား ၁၃ ဦးနှင့် မြင်း ၁၃ ကောင်ဖြင့် အတွဲ ၁၃ တွဲတို့အနက် (၆၀ ကီလိုမီတာ) ခရီးရှည်မြင်းစီး အားကစားအရည်အချင်းစစ်ပြိုင်ပွဲတွင် အရည်အချင်းစစ်ဆေးမှု အောင်မြင်ခဲ့သည့် အားကစားသမားများနှင့် မြင်းများဖြစ်ကြသည့် လင်းပြည့်သူနှင့် မြင်းအမည် ရတနာထွန်းတို့အတွဲ၊ ကျော်တိုးလင်းနှင့် မြင်းအမည် ဇယံထွန်းတို့အတွဲ၊ ထူးထက်လွင်နှင့် မြင်းအမည် မဟာထွန်းတို့အတွဲ၊ မြတ်သူထက်နှင့် မြင်းအမည် ဘဂျမ်းတို့အတွဲ၊ ဆက်ပိုင်ဖြိုးနှင့် မြင်းအမည် တွန်တိုတို့အတွဲ၊ အောင်ကျော်ဇင်နှင့် မြင်းအမည် စိန်စုမြတ်တို့အတွဲ၊ ရဲပိုင်ဦးနှင့် မြင်းအမည် သိဒ္ဓိထွန်းတို့အတွဲကို လည်းကောင်း၊ (၄၀ ကီလိုမီတာ) ခရီးရှည် မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲတွင် အရည်အချင်းစစ်ဆေးမှု အောင်မြင်ခဲ့သည့် အားကစားသမားများနှင့် မြင်းများဖြစ်ကြသည့် မျိုးမြတ်အောင်နှင့် မြင်းအမည် အသော ဝဏ္ဏတို့အတွဲ၊ မျိုးသီဟအောင်နှင့် မြင်းအမည် ဇက်ကြားမတို့အတွဲ၊ သူရအောင်နှင့် မြင်းအမည် ဇယံမောင်တို့အတွဲ၊ ကျော်ဝင်းနိုင်နှင့် မြင်းအမည် ပီတိထွန်းတို့အတွဲကို လည်းကောင်း အရည်အချင်းစစ်အောင်မြင်ခဲ့သည့် ပြိုင်ပွဲဝင်အားကစားသမားနှင့် မြင်း စုစုပေါင်း အတွဲ ၁၁ တွဲတို့ကို မြန်မာနိုင်ငံ မြင်းစီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက အရည်အချင်း စစ်အောင်လက်မှတ်များ ပေးအပ်ပြီး ပြိုင်ပွဲဝင် အားကစားသမားများနှင့် မြင်းများ၏ သက်လုံပိုင်း၊ ခံနိုင်ရည်ပိုင်းများနှင့် နည်းစနစ်ပိုင်းများ၊ ပြိုင်ပွဲဝင် အားကစားသမားတစ်ဦးချင်းစီ၏ အားသာချက်/အားနည်းချက်များ၊ ပြိုင်ပွဲ ယှဉ်ပြိုင်မှုအခြေအနေနှင့်စပ်လျဉ်း၍ ဆွေးနွေး အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

✤ *ကျောဖုံးမှ*

မန်ယူအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် နှစ်ပေါင်း ၃၈ နှစ်အတွင်း ပြိုင်ပွဲအရပ်ရပ်တွင် အရှည်ကြာဆုံး နိုင်ပွဲပျောက်ဆုံးမှုနှင့် ကြုံတွေ့ခဲ့သည်။ မန်ယူအသင်းသည် နိုင်ပွဲပြန်လည်ရှာတွေ့ရေးအတွက် အားထားရသည့် ကစားသမားအများစုဖြင့် ပွဲထွက်လာသော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့အကောင်းဆုံးဟန့်တားကာကွယ် နိုင်ခဲ့သည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

မန်ယူအသင်းဂိုးသမား လန်းမန်းစ်သည် ချယ်ဆီးအသင်း၏ ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးခုနစ်ကြိမ်ထက်မနည်းကို လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ မန်ယူအသင်းသည် ပွဲချိန် ၆၃ မိနစ်တွင် အသင်းခံစစ်ကစားသမား လစ်ဆန်ဒရို မာတီနက်ဇ် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။

ချယ်ဆီးအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိမှုကြောင့် ပရီမီယာလိဂ် ပွဲစဉ် (၉) အပြီးတွင် နိုင်ပွဲငါးပွဲနှင့်အတူ ရမှတ် ၁၆ မှတ်ရရှိလာပြီ ဖြစ်သည်။ ပြိုင်ဘက်မန်ယူအသင်းက ပရီမီယာလိဂ် ကိုးပွဲကစားပြီး တစ်ပွဲသာ နိုင်ပွဲရရှိအောင်စွမ်းဆောင်ကာ ရှုံးပွဲလေးပွဲအထိရှိလာပြီဖြစ်သည်။

အောင်ဇော်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

✪ *ကျောဖုံးမှ*

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး စနူကာ 15–Red, 9 Ball Pool, စနူကာ 6–Red နှင့် ဘိလိယက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် စနူကာ 15–Red ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ညီညီမောင်က ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းမှ သက်လှိုင်ဝင်းကို ရလဒ်(၃)မှတ် (၂)မှတ်ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ အာကာလင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စိုးမိုးကို ရလဒ်(၃)မှတ် (၁)မှတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ မာန်ဟိန်းကျော်က မကွေးတိုင်းဒေသကြီးအသင်းမှ သက်နောင်ဝင်းကို ရလဒ်(၃)မှတ် (၂)မှတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ငြိမ်းပြည့်ဖြိုးက ရခိုင်ပြည်နယ်အသင်းမှ မျိုးထက်ထွန်းကို ရလဒ်(၃)မှတ် (၂)မှတ်ဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ ကောင်းဈာန်ထက်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ မျိုးမင်းသိဏ်းကို ရလဒ်(၃)မှတ်(၁)မှတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ ရဲရင့်မှူးက ပဲခူးတိုင်းဒေသကြီးအသင်းမှ စိုးမိုးသန်းကို ရလဒ်(၃)မှတ် ရမှတ်မရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

စနူကာ 6–Red ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ မင်းစည်သူထွန်းက ရခိုင်ပြည်နယ်အသင်းမှ ထွန်းထွန်းလင်းကို ရလဒ်(၄)မှတ် ရမှတ်မရှိဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ သော်တာမင်းက ပဲခူးတိုင်းဒေသကြီးအသင်းမှ အောင်ပိုင်ဖြိုးကို ရလဒ်(၄)မှတ် (၃)မှတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သူရဇော်က ကချင်ပြည်နယ်အသင်းမှ ရှိုင်းဝဏ္ဏထွန်းကို ရလဒ်(၄)မှတ် ရမှတ်မရှိဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းမှ ချစ်မိုးက မွန်ပြည်နယ်အသင်းမှ ဇော်မောင်မောင်ကို ရလဒ်(၄)မှတ် (၁)မှတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ ကိုကိုချစ်က မန္တလေးတိုင်းဒေသကြီးအသင်းမှ ချစ်မျိုးဦးကို ရလဒ် (၄)မှတ် (၂)မှတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်နိုင်စိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ကောင်းမြတ်ဦးကို ရလဒ် (၄)မှတ် (၁)မှတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဘိလိယက်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ သီဟံစိုးက မွန်ပြည်နယ်အသင်းမှ ဝင်းဝင်းထွန်းကို ရလဒ် (၃)မှတ် (၁)မှတ်ဖြင့် လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ ခင်မောင်တင့်က ပဲခူးတိုင်းဒေသကြီးအသင်းမှ စိုးသီဟကို ရလဒ်(၃)မှတ် (၂)မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ရဲလင်းက ကချင်ပြည်နယ်အသင်းမှ ကျော်စိုးအောင်ကို ရလဒ်(၃)မှတ် (၁)မှတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ ကျော်ဌေးက ရခိုင်ပြည်နယ်အသင်းမှ ဇော်နီထွန်းကို ရလဒ်(၃)မှတ် ရမှတ်မရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျော်စွာဝင်းက ကရင်ပြည်နယ်အသင်းမှ ရဲရင့်ရှိုင်းကို ရလဒ်(၃)မှတ် ရမှတ်မရှိဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ နေလင်းဦးက စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ကျော်ဝင်းကို ရလဒ်(၃)မှတ် ရမှတ်မရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

အလားတူ **အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်အဖြစ် 9 Ball Pool ပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီးအသင်းမှ မေဇွန်မိုးက ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စုနန္ဒာနွေးကို ရလဒ်(၅)မှတ် ရမှတ်မရှိဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ခင်ပိုင်းချစ်က ကချင်ပြည်နယ်အသင်းမှ သီတာငြိမ်းကို ရလဒ် (၅)မှတ် (၃)မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ခိုင်မာအောင်က တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ဆုသက်ပိုင်ကို ရလဒ်(၅)မှတ် (၃)မှတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ မေချော့က ရခိုင်ပြည်နယ်အသင်းမှ သန်းသန်းအေးကို ရလဒ်(၅)မှတ် (၄)မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ခေါန့်ဆန့်က မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြည့်ဖြိုးမြတ်ကို ရလဒ်(၅)မှတ် (၃)မှတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ နွယ်နီလင်းက ရခိုင်ပြည်နယ်အသင်းမှ မြင့်မြတ်သူကို ရလဒ်(၅)မှတ် (၁)မှတ်ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ တင်မျိုးလှိုင်က ကချင်ပြည်နယ်အသင်းမှ အေးမြတ်မွန်ကို ရလဒ်(၅)မှတ် (၄)မှတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ ဝင်းမာလာအောင်က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ မေဇွန်မိုးကို ရလဒ်(၅)မှတ် (၁)မှတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ သက်ဝါဝင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စိုးစိုးကို ရလဒ်(၅)မှတ် (၁)မှတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီမှ စတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **အခမဲ့**လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ဖိလစ်ပိုင်၌ မာယွန်မီးတောင် ပေါက်ကွဲမှုကြောင့် လူ ၁၄၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်း



မနီလာ အောက်တိုဘာ ၃၁

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း အယ်လ်ဘေးပြည်နယ်ရှိ မာယွန်မီးတောင်ပေါက်ကွဲပြီး နောက် အောက်တိုဘာ ၃၀ ရက် မှစတင်၍ လူ ၁၄၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဒေသခံ အရာရှိများက ပြောကြားသည်။

မီးတောင်၏ အမြတမ်းအန္တရာယ်ဇုန် ဖြစ်သည့် ၆ ကီလိုမီတာအတွင်း နေထိုင်သူများကို ဘေးကင်းလုံခြုံသည့် နေရာများသို့ ရွှေ့ပြောင်းပေးခဲ့သည်။ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကြောင့် အမြတမ်းအန္တရာယ်ဇုန်အတွင်း ဝင်ရောက်ခြင်းကို ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့က တင်းကျပ်စွာ တားမြစ်ထားသည်။

မာယွန်မီးတောင်သည် အောက်တိုဘာ ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၅၃ မိနစ်တွင် အင်အားအသင့်အတင့် ရှိသည့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင်ဝမှ အမြင့် မီတာ ၃၀၀၀ အထိ မီးခိုးနှင့် ပြာမှုန်များလွှင့်စင်ထွက်ပေါ်ခဲ့သည်။

ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒ ဌာနသည် ထိုနေ့တွင်ပင် မီးတောင် သတိပေးအဆင့်ကို အဆင့် ၂ မှ အဆင့် ၃ သို့ မြှင့်တင်ခဲ့သည်။ မီးတောင်သတိပေး အဆင့် အမြင့်ဆုံးမှာ အဆင့် ၅ ဖြစ်သည်။

ဆင်ဟွာ

မွန်ဂိုလီးယား၌ မီးဘေးသင့်ဒေသရှိ တောရိုင်းတိရစ္ဆာန်များအတွက် အစာကျွေးရေး အရေးပေါ်စီမံချက်များ ဆောင်ရွက်မည်

အူလန်ဘာတာ အောက်တိုဘာ ၃၁

မွန်ဂိုလီးယားနိုင်ငံ အရှေ့ပိုင်း၌ မြက်ခင်းလွင်ပြင် ပြင်းထန်စွာ မီးလောင်မှုကြောင့် ထိခိုက်ခဲ့သည့် ဒေါ်နော့ခ်ဒ်ပြည်နယ်အတွင်းရှိ တောရိုင်းတိရစ္ဆာန်များကို ကူညီပေးရန် အစာကျွေးသည့် စခန်းများ တည်ဆောက်ခြင်း အပါအဝင် အရေးပေါ်စီမံချက်များကို အကောင်အထည်ဖော်ရန် ပြင်ဆင်လျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးဆင်းဒ်ဆန်ဘိုရာက အောက်တိုဘာ ၃၀ ရက်တွင် ပြောကြားသည်။



နမရော့ဂ် သဘာဝထိန်းသိမ်းရေးနယ်မြေ၏ ၃၀ ရာခိုင်နှုန်းခန့်မှာ မီးဘေးမှ ကင်းလွတ်ခဲ့ပြီး တောရိုင်းတိရစ္ဆာန်များသည် မီးလောင်မှု ဖြစ်ပွားခဲ့သည့် အဆိုပါနေရာသို့ ရွှေ့ပြောင်းရောက်ရှိခဲ့ကြောင်း လေ့လာဆန်းစစ်ချက်များအရ သိရသည်။ ကနဦးစီမံချက်အနေဖြင့် တောရိုင်း တိရစ္ဆာန်များအတွက် မြက်ခြောက်ထုပ် ၂၅၀၀၀ မှ ၃၀၀၀၀ အထိ ပြင်ဆင်ပေးသွားမည်ဖြစ်ကြောင်း ဆန်ဒက်အိုချာက ဆက်လက်ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံ ဒေါ်နော့ခ်ဒ် ပြည်နယ်ရှိ နမရော့ဂ်သဘာဝထိန်းသိမ်းရေးနယ်မြေ၏ ပင်မဧရိယ၌ အောက်တိုဘာ ၈ ရက်က မီးစတင် လောင်ကျွမ်းခဲ့ပြီး အောက်တိုဘာ ၁၆ ရက်တွင် မီးကို အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ တောမီးကြောင့် သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်းရှိ ဟက်တာ ၄၇၀၀၀၀ ခန့် အပါအဝင် စုစုပေါင်း မြေဧရိယာ ဟက်တာ ၅၃၀၀၀၀ ခန့် မီးလောင်ပျက်စီးခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဆင်ဟွာ

အိန္ဒိယက နိုင်ငံ၏ ဂြိုဟ်တုလမ်းညွှန်စနစ် အဆင့်မြှင့်တင်ရန် NVS-03 ဂြိုဟ်တုလွှတ်တင်

နယူးဒေလီ အောက်တိုဘာ ၃၁

အိန္ဒိယအာကာသသုတေသနအဖွဲ့ (ISRO) သည် နိုင်ငံ၏ ဂြိုဟ်တု အခြေပြုလမ်းညွှန်စနစ်ကို မြှင့်တင်ရန်ရည်ရွယ်သည့် NVS-03 မျိုးဆက်သစ်တည်နေရာပြလမ်းညွှန်ဂြိုဟ်တုကို GSLV-F18 ဒုံးပျံဖြင့် အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း အောက်တိုဘာ ၃၁ ရက်တွင် အတည်ပြုထုတ်ပြန်သည်။

အဆိုပါဂြိုဟ်တုကို အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ် ဆရီဟာရီကိုတာဒေသရှိ ဆာတစ် ဒါဝန်အာကာသစင်တာမှ အောက်တိုဘာ ၃၀ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီ ၅၁ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ GSLV-F18 ဒုံးပျံသည် NVS-03 ဂြိုဟ်တုကို သတ်မှတ်ထားသည့် ပတ်လမ်းအတွင်းသို့ အောင်မြင်စွာပို့ဆောင်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ISRO က လူမှုကွန်ရက် X တွင် ရေးသားဖော်ပြထားသည်။

အဆိုပါဂြိုဟ်တုသည် မျိုးဆက်သစ်တည်နေရာပြ ဂြိုဟ်တုစနစ်၏ တတိယမြောက်ဂြိုဟ်တုဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ တည်နေရာပြ လမ်းညွှန်စနစ်များအတွက် လမ်းညွှန်ဝန်ဆောင်မှုများ အဆက်မပြတ် ရရှိစေရန် ရည်ရွယ်လွှတ်တင်ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

သီရိလင်္ကာ၌ အမေရိကန်ဒေါ်လာ ၆၆၅ သန်း ရင်းနှီးမြှုပ်နှံမည့် ခေတ်မီစိုက်ပျိုးရေးအစီအစဉ် စတင်

ကိုလံဘို အောက်တိုဘာ ၃၁

ကမ္ဘာ့ဘဏ်အုပ်စုနှင့် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့ (IFAD) တို့က အမေရိကန်ဒေါ်လာ ၆၆၅ သန်း ပံ့ပိုးပေးမည့် သီရိလင်္ကာ စိုက်ပျိုးရေးကဏ္ဍ ချိတ်ဆက်ပူးပေါင်းရေးအစီအစဉ်ကို အောက်တိုဘာ ၃၀ ရက်တွင် စတင်ခဲ့သည်။ အဆိုပါအစီအစဉ်သည် သီရိလင်္ကာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသားစီးပွားရေးကို အထောက်အကူပြုစေရန် ရည်ရွယ်သည်။

ယင်းအစီအစဉ်အရ ၂၀၃၀ ပြည့်နှစ်တွင် တောင်သူလယ်သမား ၉ သိန်းကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် အခြားခေတ်မီဖွံ့ဖြိုးရေးလုပ်ငန်းများမှတစ်ဆင့် စိုက်ပျိုးရေးတန်ဖိုးကွင်းဆက်များနှင့် ပိုမိုနီးကပ်စွာ ချိတ်ဆက်ပေးနိုင်ရန် ရည်မှန်းထားသည်။ အစီအစဉ်အတွက် ကမ္ဘာ့ဘဏ်အုပ်စုက အမေရိကန်ဒေါ်လာ သန်း ၅၅၀ ပံ့ပိုးမည်ဖြစ်ပြီး IFAD က ဒေါ်လာ ၁၁၅ သန်း ထည့်ဝင်မည်ဖြစ်သည်။ **ဆင်ဟွာ**

တူကီယဲနိုင်ငံ ခရီးသွားလုပ်ငန်းမှ စံချိန်တင်ဝင်ငွေရရှိ၊ ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၅၁ ဘီလီယံကျော်ရှိလာ

အင်ကာရာ အောက်တိုဘာ ၃၁

တူကီယဲနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍသည် ယခုနှစ်ပထမကိုးလအတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၅၁ ဒသမ ၂၈ ဘီလီယံအထိ စံချိန်တင်ရရှိခဲ့ပြီး ယမန်နှစ်ကာလတူထက် ၂ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်လာကြောင်း အောက်တိုဘာ ၃၀ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ဒေါ်လာ ၂၅ ဒသမ ၅၃ ဘီလီယံရှိ

တူကီယဲနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှ ရရှိသည့် ဝင်ငွေသည် တတိယသုံးလပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၅၃ ဘီလီယံရှိခဲ့ပြီး ယမန်နှစ်ကာလတူထက် ၅ ရာခိုင်နှုန်းမြင့်တက်လာကြောင်း တူကီယဲနိုင်ငံ စာရင်းအင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

စံချိန်တင်အမြင့်ဆုံးအဆင့်သို့ ရောက်ရှိ

ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန မက်မက်နူရီအာဆွိုင်းက အစ္စတန်ဘူလ်မြို့၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် တတိယသုံးလပတ်နှင့် ကိုးလတာကာလ အတွင်း ခရီးသွားလုပ်ငန်းမှရရှိသည့် ဝင်ငွေသည် စံချိန်တင်အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း ပြောကြားသည်။ ထို့ပြင် ဇန်နဝါရီလမှ စက်တင်ဘာလအထိ တူကီယဲနိုင်ငံသို့ ခရီးသွား ၄၉ ဒသမ ၁၃ သန်း လာရောက်လည်ပတ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဒေသတွင်းတင်းမာမှုများကြောင့် တူကီယဲနိုင်ငံသည် ၂၀၂၆ ခုနှစ်အတွက် ခရီးသွားလုပ်ငန်းမှရရှိမည့် ဝင်ငွေလျှာထားချက်ကို အမေရိကန်ဒေါ်လာ ၆၈ ဘီလီယံမှ ၆၅ ဘီလီယံသို့ လျှော့ချခဲ့သည်။

သို့သော် အောက်တိုဘာ ၃၀ ရက်တွင် တစ်နှစ်တာ ခရီးသွားလုပ်ငန်းဝင်ငွေသည် သတ်မှတ်ထားသည့် ပန်းတိုင်ထက် ကျော်လွန်ရရှိနိုင်မည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း အာဆွိုင်းက ပြောကြားသည်။

ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဈေးဝယ်စင်တာ၌ ပစ်ခတ်မှုကြောင့် တစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဖဲယားဗီးလ်မြို့ရှိ ဈေးဝယ်စင်တာတစ်ခု၌ ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

ဖဲယားဗီးလ်ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ ဒေသစံတော်ချိန် ည ၈ နာရီခွဲတွင် ဆိုလာနိုတောင်းစင်တာအတွင်းရှိ Spirit Halloween ဆိုင်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ရဲအရာရှိများ သွားရောက်ခဲ့ကြသည်။

ပစ်ခတ်မှုကြောင့် သေနတ်ဒဏ်ရာရရှိသူများအနက် တစ်ဦးသေဆုံးပြီး ခြောက်ဦးကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ရသည်။ ၎င်းတို့အနက် သုံးဦးမှာ အခြေအနေစိုးရိမ်ရကြောင်း သိရသည်။ **ဆင်ဟွာ**

လူအများအပြား သေဆုံးခဲ့သည့် စပိန်ရထားတိုက်မှုကို ဆက်လက်စုံစမ်းစစ်ဆေးနေ

စပိန်အာဏာပိုင်များသည် အောက်တိုဘာ ၂၈ ရက်က လူသေဆုံးမှုများ ဖြစ်ပွားခဲ့သည့် ရထားတိုက်မှုကို ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိပြီး နောက်မှဝင်တိုက်ခဲ့သည့် ရထားတွင် ချွတ်ယွင်းချက်တစ်စုံတစ်ရာ ရှိနိုင်ကြောင်း ယူဆထားသည်။

အဆိုပါရထားတိုက်မှုသည် တိုလီဒိုပြည်နယ်အလယ်ပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၆၉ ဦးထက်မနည်း သေဆုံးကာ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ရထားရပ်တန့်သွားပြီး ပြန်လည်ထွက်ခွာနိုင်ခြင်းမရှိတော့ကြောင်း အသိပေးချက်ကို ထိန်းချုပ်ရေးဌာနက လက်ခံရရှိခဲ့သည်ဟု သယ်ယူပို့ဆောင်ရေးဝန်ကြီး အော်စကာဖွန်တေးက ပြောကြားသည်။

သို့သော် တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ နှုန်းဖြင့် နောက်မှ မောင်းနှင်လာသော ရထားဝင်တိုက်မိချိန်အထိ မည်သည့်ကြိုတင် ကာကွယ်မှုမျှ ဆောင်ရွက်ထားခြင်းမရှိခဲ့ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အင်နံအိတ်ချ်ကေ

အာဖဂန်နဲ့စွတန်နိုင်ငံ မြောက်ပိုင်း၌ မီးလောင်မှုကြောင့် မြေအောက်ဈေးရှိ ဆိုင်ခန်း ၁၃၀ ကျော် ပျက်စီး

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘဉ်ခ်ပြည်နယ်ရှိ မြေအောက်ဈေးတစ်ခုတွင် အောက်တိုဘာ ၃၀ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ ဆိုင်ခန်း ၁၃၅ ခန်းထက်မနည်း မီးလောင်ပျက်စီးခဲ့ပြီး ကြီးမားသည့် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း ပြည်တွင်းမီဒီယာ တိုလိုနယူးစ်က အောက်တိုဘာ ၃၁ ရက်တွင် ဖော်ပြထားသည်။ အဆိုပါမီးလောင်မှုသည် ပြည်နယ်မြို့တော် မာဇာရီရှာရစ်ဗ်မြို့ရှိ ဘက်ခ်ထာဈေးဌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းဖော်ပြချက်အရသိရှိရပြီး ကနဦးခန့်မှန်းချက်များအရ မီးလောင်မှုကြောင့် အဝတ်အထည်ဆိုင်များ၊ ဖိနပ်ဆိုင်များနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ရုံးခန်းများ ပျက်စီးခဲ့ရပြီး ကုန်သည်များအတွက် ကြီးမားသည့်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း (၁-၁၀-၂၀၂၆ ရက်နေ့မှ ၃၁-၁၀-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scanner ၊ Air Quality Monitoring Station (AQM-65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10})၊ Sulphur Dioxide (SO_2) ၊ Nitrogen Dioxide (NO_2)၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန် တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ	၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ	ဆာလဖာ ဒိုင်အောက် ဆိုဒ်	နိုက် ထရိုဂျင် ဒိုင်အောက် ဆိုဒ်	အို ဇုန်း	ကာဗွန် မို နောက် ဆိုဒ်
၁	**နေပြည်တော်**						
	၁ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်	ကောင်းမွန်	–	ကောင်းမွန်	–	ကောင်းမွန်	
	၂ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်	ကောင်းမွန်					
၂	**ရန်ကုန်တိုင်းဒေသကြီး**						
	၁ ဒိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
	၂ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဇုတ်ဝိဉာဉ်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
	၃ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၄ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
	၅ သာကေတမြို့နယ်၊ ရန်ကုန်မြို့	လက်ခံနိုင်သော	–	–	–	ကောင်းမွန်	–
	၆ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့	–	–	–	–	ကောင်းမွန်	–
	၇ သန်လျင်မြို့နယ်	ကောင်းမွန်		–	ကောင်းမွန်	–	–
	၈ ဒလမြို့နယ်	ကောင်းမွန်					
	၉ လှည်းကူးမြို့နယ်	ကောင်းမွန်					
၃	**မန္တလေးတိုင်းဒေသကြီး**						
	၁ အမရပူရမြို့နယ်၊ မန္တလေးမြို့	ကောင်းမွန်					
	၂ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့	လက်ခံနိုင်သော	ကောင်းမွန်	–	ကောင်းမွန်	–	
	၃ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၄ ညောင်ဦးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၅ ကျောက်ဆည်မြို့	ကောင်းမွန်					
	၆ ပြင်ဦးလွင်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၇ မိတ္ထီလာမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၄	**စစ်ကိုင်းတိုင်းဒေသကြီး**						
	၁ မုံရွာမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၅	**တနင်္သာရီတိုင်းဒေသကြီး**						
	၁ ထားဝယ်မြို့	ကောင်းမွန်					
	၂ ကော့သောင်းမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၆	**ပဲခူးတိုင်းဒေသကြီး**						
	၁ ပဲခူးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၂ တောင်ငူမြို့	ကောင်းမွန်					
	၃ ပြည်မြို့	ကောင်းမွန်	လက်ခံနိုင်သော	ကောင်းမွန်			
	၄ သာယာဝတီမြို့	ကောင်းမွန်			လက်ခံနိုင်သော	ကောင်းမွန်	
၇	**မကွေးတိုင်းဒေသကြီး**						
	၁ မကွေးမြို့	ကောင်းမွန်					
	၂ သရက်မြို့	–	ကောင်းမွန်	–	ကောင်းမွန်	–	ကောင်းမွန်
၈	**ဧရာဝတီတိုင်းဒေသကြီး**						
	၁ ပုသိမ်မြို့	ကောင်းမွန်					
	၂ ဖျာပုံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၉	**ကချင်ပြည်နယ်**						
	၁ မြစ်ကြီးနားမြို့	ကောင်းမွန်					
၁၀	**ကယားပြည်နယ်**						
	၁ လွိုင်ကော်မြို့	ကောင်းမွန်	–	ကောင်းမွန်	–	ကောင်းမွန်	
၁၁	**ကရင်ပြည်နယ်**						
	၁ ဘားအံမြို့	ကောင်းမွန်					
	၂ မြဝတီမြို့	ကောင်းမွန်					
၁၂	**ချင်းပြည်နယ်**						
	၁ မော်လမြိုင်မြို့	ကောင်းမွန်					
	၂ သထုံမြို့	ကောင်းမွန်					
	၃ မုဒုံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၄ ချောင်းဆုံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၁၃	**ရှမ်းပြည်နယ်**						
	၁ တောင်ကြီးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၂ ကျိုင်းတုံမြို့	လက်ခံနိုင်သော	–	–	–	–	–
	၃ တာချီလိတ်မြို့	လက်ခံနိုင်သော	–	–	–	–	–

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

0–50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51–100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101–150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151–200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201–300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301–500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံလွှင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီး ဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

စက်တင်ဘာ ၂၁ ရက် မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ သဘာဝမြေသြဇာထုတ်လုပ်၊ တင်သွင်း၊ တင်ပို့နှင့် ဖြန့်ဖြူးရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်ထွန်း၏ အမျိုးသားအဆင့် မူဝါဒနှင့် သုတေသနစာတမ်း ကောက်နုတ်ချက်

သဘာဝမြေသြဇာကဏ္ဍမှ
နိုင်ငံခြားငွေချွေတာရေးနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး (PPP) မဟာဗျူဟာ

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် စားနပ်ရိက္ခာဖူလုံရေးအတွက်သာမက ကျေးလက်လူဦးရေ၏ ဝင်ငွေ၊ အလုပ်အကိုင်၊ ပြည်တွင်းစားသုံးမှု၊ ကုန်ကြမ်းထုတ်လုပ်ရေးနှင့် ပို့ကုန်တို့နှင့် ဆက်နွယ်နေသည်။ ထိုကဏ္ဍ၏ ထုတ်လုပ်မှုတိုးတက်ရန် သီးနှံမျိုးစေ့၊ ရေ၊ လုပ်သား၊ စက်ယန္တရား၊ ပိုးသတ်ဆေးနှင့် မြေသြဇာတို့ကဲ့သို့သော သွင်းအားစုများလိုအပ်သည်။

ထိုအထဲတွင် မြေသြဇာသည် သီးနှံအာဟာရစီမံခန့်ခွဲမှုအတွက် အဓိက သွင်းအားစုများဖြစ်သည်။ သို့သော် မြေသြဇာကဏ္ဍကို စိုက်ပျိုးရေးထုတ်လုပ်မှုတွင် သွင်းအားစုကဏ္ဍအဖြစ်သာ ရှုမြင်ပါက နိုင်ငံခြားငွေကြေးခန့်ခွဲမှု၊ ပြည်တွင်းကုန်ထုတ်လုပ်ငန်းနှင့် အရင်းအမြစ်ထိန်းသိမ်းခြင်းဆိုင်ရာ အခွင့်အလမ်းများ လျော့နည်းသွားနိုင်သည်။ ထို့ကြောင့် "မြေသြဇာလိုအပ်ချက်ကို ဖြည့်ဆည်းခြင်း"၊ "ပြည်ပမှ တင်သွင်းရမည့် သွင်းအားစုတစ်စိတ်တစ်ပိုင်းကို လျှော့ချခြင်း"၊ "ပြည်တွင်းကုန်ကြမ်းအရင်းအမြစ်များကို တန်ဖိုးမြှင့်တင်ခြင်း"၊ "အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှု လျှော့ချပြီး အကျိုးရလဒ်ပိုမိုရနိုင်ခြင်း" စသည့် လုပ်ငန်းစဉ်များကို မူဝါဒအဆင့်တွင် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

လက်ရှိအခြေအနေတွင် အောက်ဖော်ပြပါ အခက်အခဲများနှင့် ကြုံတွေ့ရလျက်ရှိပါသည်-

(၁) နိုင်ငံခြားငွေကြေးလိုအပ်ချက်၊
(၂) ပြည်တွင်းတွင် ကုန်ကြမ်းရှိသော်လည်း တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှု အားနည်းနေခြင်း၊
(၃) ပုဂ္ဂလိကကဏ္ဍ တစ်ခုတည်းမှ ဆောင်ရွက်နေရခြင်း၊
(၄) အစိုးရ၏ ပံ့ပိုးဆောင်ရွက်ပေးမှု လိုအပ်နေခြင်း။

ရည်ရွယ်ချက်

ဤစာတမ်း၏ အဓိက ရည်ရွယ်ချက်မှာ သဘာဝမြေသြဇာကဏ္ဍကို ပြည်တွင်းအရင်းအမြစ်အပေါ် အခြေခံသည့် သွင်းကုန်အစားထိုးထုတ်လုပ်မှုလုပ်ငန်းအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံခြားငွေ ချွေတာရေး၊ အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးမှတစ်ဆင့် ရေရှည်တည်တံ့သော တည်ဆောက်နိုင်ရန် မူဝါဒမူဘောင်တစ်ရပ် ဖော်ထုတ်ရန်အတွက် ဖြစ်သည်။

အထူးပြုရည်ရွယ်ချက်များမှာ-

(က) PPP ဖြင့် လုပ်ငန်းဖွံ့ဖြိုးနိုင်မည့် ပုံစံများ ဖော်ထုတ်ရန်၊
(ခ) အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ၏ တာဝန်များကို သတ်မှတ်ရန်၊
(ဂ) ၂၀၂၆-၂၀၃၀ အတွက် အကောင်အထည်ဖော်မည့် လမ်းပြမြေပုံ တည်ဆောက်ရန်။

ဆောင်ရွက်ရမည့်နည်းလမ်း

(က) တင်သွင်းမှုအစားထိုးမဟာဗျူဟာ

"စီးပွားရေးအရ အကျိုးရှိပြီး အရည်အသွေးပြည့်မီစွာ ပြည်တွင်းတွင် ထုတ်လုပ်နိုင်သော ကုန်ပစ္စည်းကို ပြည်တွင်းထုတ်လုပ်ခြင်း" ဖြစ်သည်။

အဆင့် ၁ - အော်ဂဲနစ်မြေသြဇာနှင့် မြေဆီလွှာပြုပြင်ရေးပစ္စည်းများ။
အဆင့် ၂ - ဇီဝမြေသြဇာနှင့်အဏုဇီဝသွင်းအားစုများ။
အဆင့် ၃ - အော်ဂဲနစ်မြေသြဇာ ထုတ်လုပ်ရေး စက်ပစ္စည်းနှင့် ပြုပြင်ထုတ်လုပ်ရေး နည်းပညာ၏ ပြည်တွင်းစက်မှုကဏ္ဍ။
အဆင့် ၄ - စံချိန်စံညွှန်းစစ်ဆေးရေး စက်ပစ္စည်းများ၊ ထုပ်ပိုးခြင်းနှင့် အထောက်အကူပြု စက်မှုလုပ်ငန်းများ။
အဆင့် ၅ - ဒေသတွင်းနိုင်ငံများသို့ တင်ပို့မှု။

(ခ) အော်ဂဲနစ်အရင်းအမြစ်များမှ စီးပွားရေးအရင်းအမြစ်များသို့

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှ ထွက်ရှိသည့် အော်ဂဲနစ် ဘေးထွက်ပစ္စည်းများကို စနစ်တကျစုဆောင်းနိုင်ပါက စွန့်ပစ်ပစ္စည်း

↓

စုဆောင်းခြင်း

↓

ပြုပြင်ထုတ်လုပ်ခြင်း

↓

အော်ဂဲနစ်မြေသြဇာ

↓

စိုက်ပျိုးရေးထုတ်လုပ်မှု

↓

လယ်ယာဝင်ငွေ

↓

စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု

ဟူသည့် တန်ဖိုးကွင်းဆက် ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် အော်ဂဲနစ်မြေသြဇာထုတ်လုပ်မှု လုပ်ငန်းသည် "မြေသြဇာစက်ရုံ" တစ်ခုတည်း မဟုတ်ဘဲ ကျေးလက်စီးပွားရေးလုပ်ငန်း လည်ပတ်မှုတစ်ခု ဖြစ်လာနိုင်သည်။

(ဂ) အော်ဂဲနစ်မြေသြဇာ တန်ဖိုးကွင်းဆက်

(၁) **ကုန်ကြမ်း။** သီးနှံအကြွင်းအကျန်များ၊ တိရစ္ဆာန်ချေးများ၊ အပင်အခြေခံ ဘေးထွက်ပစ္စည်း၊ အစားအသောက်ပြုပြင်ထုတ်လုပ်မှု အကြွင်းအကျန်များ၊ အတည်ပြုထားသော အခြားအော်ဂဲနစ် အရင်းအမြစ်များ။
(၂) **စုဆောင်းခြင်း။** ဒေသအလိုက် စုဆောင်းရေးလုပ်ငန်းများ တည်ဆောက်ရန်။
(၃) **ပြုပြင်ထုတ်လုပ်ခြင်း။** မြေဆွေး၊ ဘိုကာရှီ၊ တီမြေဆွေး၊ ဇီဝမီးသွေး၊ အတည်ပြုထားသော အခြားမြေဆီလွှာပြုပြင်ပစ္စည်းများ။
(၄) **အရည်အသွေးထိန်းချုပ်ခြင်း။** ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် ထုတ်လုပ်မှုမှတ်တမ်းများ ထားရှိရန်။
(၅) **ထုပ်ပိုးခြင်း။** ထုတ်ကုန်အချက်အလက်၊ အသုံးပြုပုံ၊ ထုတ်လုပ်မှု နံပါတ်နှင့် ခြေရာခံနိုင်မှု ပါဝင်ရန်။
(၆) **ဖြန့်ဖြူးခြင်း။** ဒေသအလိုက် ဖြန့်ဖြူးရေးကွန်ရက် တည်ဆောက်ရန်။
(၇) **တောင်သူအသုံးပြုခြင်း။** မြေနှင့်သီးနှံအခြေခံ အကြံပြုချက်ဖြင့် အသုံးပြုရန်။
(၈) **တွေ့ရှိချက်။** လယ်ယာထုတ်လုပ်မှုစွမ်းဆောင်ရည်အချက်အလက်များ ပြန်လည်ရယူရန်။

(ဃ) အမျိုးသားအဆင့် အော်ဂဲနစ်မြေသြဇာစက်မှု ဇုန်များ

နိုင်ငံအတွင်း အော်ဂဲနစ်မြေသြဇာစက်မှုလုပ်ငန်းကို တစ်နေရာတည်းတွင်သာ စုစည်းမည့်အစား ကုန်ကြမ်းရရှိနိုင်မှုနှင့် သီးနှံလိုအပ်ချက်အပေါ် အခြေခံ၍ ဒေသအလိုက် အော်ဂဲနစ်မြေသြဇာ ထုတ်လုပ်မှုအချက်အချာကြသော လုပ်ငန်းများ တည်ဆောက်ရန် အဆိုပြုသည်။

ဥပမာ-

မြစ်ဝကျွန်းပေါ်ဒေသ	- စပါးအကြွင်းအကျန်အခြေခံ ထုတ်လုပ်မှု။
အလယ်ပိုင်း ခြောက်သွေ့ဇုန်	- သီးနှံအကြွင်းအကျန်နှင့် တိရစ္ဆာန်ချေး။
ရှမ်း သို့မဟုတ် ကုန်းမြင့်ဒေသ	- ဟင်းသီးဟင်းရွက်အကြွင်းအကျန်နှင့် တိရစ္ဆာန်အရင်းအမြစ်များ။
မြို့ပြအနီးတစ်ဝိုက် ဒေသများ	- ခွဲခြားစုဆောင်းထားသော အော်ဂဲနစ်မြို့ပြ စွန့်ပစ်ပစ္စည်းနှင့်အစားအသောက် ပြုပြင်ထုတ်လုပ်မှုမှ စွန့်ပစ်သည့် အရင်းအမြစ်များ။

ဤနေရာများကို သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် ပြည်သူ့ကျန်းမာရေး စံနှုန်းလိုအပ်ချက်များနှင့် ကိုက်ညီစွာ စီမံရမည်။

(င) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (Public Private Partnership- PPP)

PPP သည် Public Sector နှင့် Private Sector တို့၏ အားသာချက်များကို ပေါင်းစပ်ပြီး Investment+ Expertise + Infrastructure + Risk Sharing + Public Benefit တို့ကို တစ်ခုတည်းသော Project Structure အတွင်း စီမံခန့်ခွဲသည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။ စိုက်ပျိုးရေး value chain တစ်လျှောက် PPP mechanism ဖြင့် Government Private Company နှင့် Producers တို့ ပါဝင်သည့် စနစ် တည်ဆောက်ရန် ရည်ရွယ်ချက်ကို ဖော်ပြထားသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အခြားကဏ္ဍများတွင် PPP ကို အသုံးပြုရန် မူဝါဒနှင့် လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများရှိပြီး စက်မှုဝန်ကြီးဌာနကလည်း စက်ရုံများအတွက် PPP Expression of Interest ခေါ်ယူခဲ့သည့် အတွေ့အကြုံရှိသည်။

(စ) သဘာဝမြေသြဇာကဏ္ဍအတွက် PPP ပုံစံ

ပုံစံ၁ - အစိုးရမြေနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု။ အစိုးရဘက်မှ သင့်လျော်သော မြေနေရာနှင့် အခြေခံအဆောက်အအုံ ပံ့ပိုးပေးရမည်။ ပုဂ္ဂလိကဘက်မှ စက်ရုံ၊ စက်ပစ္စည်း၊ လုပ်ငန်းလည်ပတ်ငွေ၊ စီမံခန့်ခွဲမှု၊ နည်းပညာ တာဝန်ယူရမည်။

ပုံစံ ၂ - ဒေသအော်ဂဲနစ်အရင်းအမြစ်စင်တာ။ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များ၊ ဒေသထုတ်လုပ်သူများ ပူးပေါင်း၍ ဒေသအလိုက် အရင်းအမြစ်စုဆောင်းရေးလုပ်ငန်းစင်တာ တည်ဆောက်ခြင်း။

ပုံစံ ၃ - ဌာနဆိုင်ရာ ဓာတ်ခွဲခန်းများနှင့် ပုဂ္ဂလိက လုပ်ငန်း။ အစိုးရမှ ဓာတ်ခွဲခန်းအခြေခံ အဆောက်အအုံတည်ဆောက်ပြီး ပုဂ္ဂလိကကဏ္ဍနှင့် ဝန်ဆောင်မှုစီစဉ်မှုဖြင့် အသုံးချခြင်း။

ပုံစံ ၄ - အကျိုးဆောင်တောင်သူ - ပြည်သူ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု။ နိုင်ငံတော်နှင့် တက္ကသိုလ်မှ မြေနှင့် သုတေသန၊ ပုဂ္ဂလိကကဏ္ဍမှ သွင်းအားစုများနှင့် နည်းပညာ၊ တောင်သူအဖွဲ့များမှ လယ်ကွင်းစီမံခန့်ခွဲမှု ပူးပေါင်းခြင်း။

ပုံစံ ၅ - တည်ဆောက်-လည်ပတ်-လွှဲပြောင်းခြင်း။ သင့်လျော်သော စီမံကိန်းများတွင် ပုဂ္ဂလိကမှ အဆောက်အအုံတည်ဆောက်၍ သတ်မှတ်ကာလအတွင်း လည်ပတ်ပြီး သဘောတူညီချက်အရ လွှဲပြောင်းသည့်ပုံစံကို လေ့လာအသုံးပြုနိုင်သည်။

(ဆ) PPP စီမံကိန်းတစ်ခု၏ ဖွဲ့စည်းပုံ

အစိုးရ
မူဝါဒ၊ မြေ၊ ပံ့ပိုးကူညီခြင်းနှင့် စည်းမျဉ်း

↓

ပြည်သူ-ပုဂ္ဂလိက
ပူးပေါင်းစီမံကိန်းကုမ္ပဏီ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် စီမံခန့်ခွဲမှု

↓

အော်ဂဲနစ်အရင်းအမြစ်စုဆောင်းရေးကွန်ရက်
ကုန်ကြမ်း

↓

ပြုပြင်ထုတ်လုပ်ရေးစက်ရုံ
ထုတ်လုပ်မှု

↓

ဓာတ်ခွဲခန်း
အရည်အသွေးအာမခံမှု

↓

ဖြန့်ဖြူးသူ သို့မဟုတ် တောင်သူကွန်ရက်
ဈေးကွက်

↓

တောင်သူများ
ထုတ်လုပ်မှု

↓

ဝင်ငွေ

↓

အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် လူမှုအကျိုးကျေးဇူး

(ဇ) PPP စီမံကိန်း ရွေးချယ်ရေး သတ်မှတ်ချက်များ

PPP စီမံကိန်းတစ်ခုကို အောက်ပါသတ်မှတ်ချက်များဖြင့် ရွေးချယ်ရပါမည်-

သတ်မှတ်ချက် ၁	- ကုန်ကြမ်းရရှိနိုင်မှု။
သတ်မှတ်ချက် ၂	- ဈေးကွက်လိုအပ်ချက်။
သတ်မှတ်ချက် ၃	- တင်သွင်းမှုအစားထိုးနိုင်သည့် အလားအလာ။
သတ်မှတ်ချက် ၄	- နိုင်ငံခြားငွေကြေး ချွေတာနိုင်သည့် အလားအလာ။
သတ်မှတ်ချက် ၅	- ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ၏ စိတ်ပါဝင်စားမှု။
သတ်မှတ်ချက် ၆	- အစိုးရပံ့ပိုးကူညီနိုင်မှု ဖြစ်နိုင်ခြေ။
သတ်မှတ်ချက် ၇	- ပတ်ဝန်းကျင်ရေရှည် တည်တံ့နိုင်မှု။
သတ်မှတ်ချက် ၈	- တောင်သူအကျိုးအမြတ်။
သတ်မှတ်ချက် ၉	- ဘဏ္ဍာရေးအရ အသက်ဝင်နိုင်မှု။
သတ်မှတ်ချက် ၁၀	- တိုးချဲ့နိုင်မှု။

(ဈ) အဆိုပြုထားသော အမျိုးသားအဆင့် PPP ဖွဲ့စည်းပုံ

အမျိုးသားအဆင့်

အမျိုးသား အော်ဂဲနစ်မြေသြဇာ ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဦးဆောင်ကော်မတီ တာဝန်။ မူဝါဒ၊ ညှိနှိုင်းဆောင်ရွက်မှု၊ စီမံကိန်းအတည်ပြုခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း။

နည်းပညာအဆင့်။ နည်းပညာလုပ်ငန်းအဖွဲ့။

ပါဝင်သူများ။ အစိုးရနည်းပညာဌာနများ၊ တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများ၊ စက်မှုလုပ်ငန်းအသင်း၊ ပုဂ္ဂလိကကဏ္ဍ၊ တောင်သူကိုယ်စားလှယ်များ။

စီမံကိန်းအဆင့်။ ပြည်သူ့-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အထူးရည်ရွယ်ကုမ္ပဏီ Special Purpose Vehicle (SPV)

တာဝန်။ ရင်းနှီးမြှုပ်နှံမှု၊ တည်ဆောက်ရေး၊ လည်ပတ်ရေး၊ အရောင်းမြှင့်တင်ရေး၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ အစီရင်ခံတင်ပြခြင်း။

စာမျက်နှာ ၁၇ သို့

> **“ ပြည်တွင်းတွင် ထုတ်လုပ်နိုင်သည့်ထုတ်ကုန်ကို ပြည်တွင်းမှာပင် ထုတ်လုပ်ခြင်း၊ ပြည်တွင်းမှာ ရရှိနိုင်သည့် အော်ဂဲနစ်အရင်းအမြစ်ကို တန်ဖိုးမြှင့်တင်ခြင်း၊ သိပ္ပံနည်းကျ အရည်အသွေးထိန်းချုပ်ခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ခြင်း၊ အစိုးရ၏ အခြေခံ အဆောက်အအုံနှင့် မူဝါဒအထောက်အပံ့ကို ပေါင်းစပ်ခြင်းတို့ဖြင့် မြေသြဇာကဏ္ဍကို ဖွံ့ဖြိုးစေရုံ သာမက နိုင်ငံခြားငွေချွေတာရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်မည် ”**

စာမျက်နှာ ၁၆ မှ

အကောင်အထည်ဖော်
ဆောင်ရွက်ရမည့်အခန်းကဏ္ဍ

(က) **အစိုးရ၏ အခန်းကဏ္ဍ။** (၁) မူဝါဒ၊ (၂) ဥပဒေ မူဘောင်၊ (၃) စံချိန်စံညွှန်းများ၊ (၄) မြေနေရာပံ့ပိုးကူညီခြင်း၊ (၅) အခြေခံအဆောက်အအုံ၊ (၆) သုတေသနပံ့ပိုးမှု၊ (၇) ဓာတ်ခွဲခန်းစနစ်၊ (၈) ရင်းနှီးမြှုပ်နှံမှုပံ့ပိုးကူညီခြင်း၊ (၉) တောင်သူအသိပညာဖြန့်ဖြူးရေး၊ (၁၀) စောင့်ကြည့် စစ်ဆေးခြင်း။

(ခ) **ပုဂ္ဂလိကကဏ္ဍ၏ အခန်းကဏ္ဍ။** (၁) အရင်းအနှီး၊ (၂) နည်းပညာ၊ (၃) ထုတ်လုပ်မှု၊ (၄) စီမံခန့်ခွဲမှု၊ (၅) ဖြန့်ဖြူးမှု၊ (၆) ဈေးကွက်ရှာဖွေရေး၊ (၇) ဆန်းသစ်တီထွင်မှု၊ (၈) တင်ပို့မှုတို့ကို အဓိက တာဝန်ယူသင့်သည်။

ထုတ်လုပ်သူများအနေဖြင့် "ရောင်းအားတိုးရေး" ထက် "အရည်အသွေးနှင့် လယ်သမား အကျိုးအမြတ်"ကို အခြေခံသည့် စီးပွားရေးပုံစံ တည်ဆောက်ရန် လိုအပ်သည်။

(ဂ) အသင်းအဖွဲ့၏ အခန်းကဏ္ဍ

(၁) မူဝါဒဆိုင်ရာ ထောက်ခံဆောင်ရွက်မှု – အစိုးရထံ ကုန်ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းနှင့် အရည်အသွေးဆိုင်ရာ အထောက်အထားများ အတွက် ထောက်ခံချက်ပေးခြင်း၊

(၂) လုပ်ငန်းဆိုင်ရာစံချိန်စံညွှန်းများ – အဖွဲ့ဝင်များ၏ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းခြင်း၊

(၃) သုတေသန–ထုတ်လုပ်မှုလုပ်ငန်းတစ်ခုလုံး ဆိုင်ရာ နည်းပညာနှင့် သုတေသနဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်း၊

(၄) စွမ်းရည်မြှင့်တင်ရေး – ထုတ်လုပ်သူများ၏ နည်းပညာစွမ်းရည် မြှင့်တင်ခြင်း၊

(၅) တောင်သူများထံ ဆက်သွယ်ရောက်ရှိရေး–သဘာဝမြေဩဇာအသုံးပြုမှုအတွက် တောင်သူ ပညာပေးခြင်း၊

(၆) ပြည်သူ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပုံပိုးကူညီရေး – အစိုးရနှင့် ရင်းနှီးမြှုပ်နှံသူများကြား စီမံကိန်းလုပ်ငန်းအစီအစဉ်များ ဖော်ဆောင်ခြင်း။

(ဃ)သုတေသနနှင့် နည်းပညာ အခန်းကဏ္ဍ

အစီအစဉ် ၁ – ဒေသတွင်းကုန်ကြမ်းများ၏ သဘောသဘာဝဆန်းစစ်ချက်၊

အစီအစဉ် ၂ – ဆွေးမြည့်ပစ္စည်းနှင့် ဘိုကာရှီ၏ ရင့်ကျက်မှုနှင့် အရည်အသွေး၊

အစီအစဉ် ၃ – ဇီဝမီးသွေး၏ ဂုဏ်သတ္တိများနှင့် သင့်လျော်သော အသုံးချမှုများ၊

အစီအစဉ် ၄ – ဇီဝမြေဩဇာ၏ ထိရောက်မှု၊

အစီအစဉ် ၅ – သီးနှံအလိုက် အသုံးပြုမှု၊

အစီအစဉ် ၆ – စီးပွားရေးအမြတ်အစွန်း၊

အစီအစဉ် ၇ – ရေရည်မြေဆီလွှာကျန်းမာရေး၊

အစီအစဉ် ၈ – စွန့်ပစ်ပစ္စည်းမှ အရင်းအမြစ်သို့ ပြောင်းလဲသည့် နည်းပညာများ။

(င) အရည်အသွေးအာမခံမှု

နိုင်ငံခြားငွေ ချွေတာရန် ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်သည့်အခါ အရည်အသွေး ပြည့်ဝရန် အတွက် ထိန်းသိမ်းရေးလုပ်ငန်းစဉ်သည် အရေးကြီးသည့်အချက်တစ်ချက် ဖြစ်ပါသည်။

အရည်အသွေးမပြည့်မီသော ထုတ်ကုန်ကြောင့် တောင်သူစုစာမှု၊ သီးနှံဆုံးရှုံးမှု၊ ယုံကြည်မှု ဆုံးရှုံးမှု၊ လုပ်ငန်းဂုဏ်သတင်းဆုံးရှုံးမှု ဖြစ်နိုင်သည်။ ထို့ကြောင့် ထုတ်လုပ်မှု → စမ်းသပ်စစ်ဆေးမှု → တံဆိပ်ကပ်ခြင်း → ခြေရာခံနိုင်မှု → ဈေးကွက် စောင့်ကြည့်စစ်ဆေးမှုတစ်လျှောက် အရည်အသွေး အာမခံမှုစနစ် တည်ဆောက်ရမည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော မြေဩဇာဥပဒေနှင့် ပြင်ဆင်ထားသော မြေဩဇာဥပဒေတို့တွင် ပါဝင်သည့် လိုက်နာရမည့် အချက်များနှင့်အညီ မည်သို့ချိတ်ဆက်မည်၊ မည်သည့်နေရာများကို ပြင်ဆင်ရန် သို့မဟုတ် ဖြည့်စွက်ရန် လိုမည်ဆိုသည်ကို ဆက်လက်သုံးသပ် ဆောင်ရွက်သင့်ပါသည်။

(စ) ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးမဟာဗျူဟာ

PPP စီမံကိန်းတစ်ခုစီအတွက် အောက်ပါ ဘဏ္ဍာရေးပုံစံကို ပြုလုပ်ရမည်–

အရင်းအနှီးအသုံးစရိတ်။ မြေနေရာ၊ စက်ရုံ၊ စက်ပစ္စည်း၊ ဓာတ်ခွဲခန်း၊ သို့လှောင်ရေး၊ ယာဉ်များ၊ အသုံးအဆောင်ဝန်ဆောင်မှုများ။

လည်ပတ်ရေးအသုံးစရိတ်။ ကုန်ကြမ်းများ၊ အလုပ်သမား၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ထုပ်ပိုးမှု၊ ပြုပြင်ထိန်းသိမ်းမှု၊ စမ်းသပ်စစ်ဆေးမှု၊ စီမံအုပ်ချုပ်မှု။

ဝင်ငွေ။ ပြည်တွင်းရောင်းချမှု၊ အဖွဲ့အစည်းဆိုင်ရာ ဝယ်ယူမှု၊ တင်ပို့မှု၊ အရန်ထွက်ကုန်များ သို့မဟုတ် တွဲဖက်ထွက်ကုန်များ။

စီးပွားရေးအကျိုးအမြတ်များ။ တင်သွင်းမှုအစားထိုးခြင်း၊ နိုင်ငံခြားငွေကြေးချွေတာမှု၊ အလုပ်အကိုင်၊ အခွန်ဝင်ငွေ၊ ကျေးလက်ဝင်ငွေ၊ စွန့်ပစ်ပစ္စည်းလျှော့ချမှု။

အကောင်အထည်ဖော်မည့် လမ်းပြမြေပုံ (၂၀၂၆–၂၀၃၀)

အဆင့် ၁ – မူဝါဒနှင့် အခြေခံအချက်အလက်

အမျိုးသားအဆင့် စက်မှုလုပ်ငန်းစာရင်း မြေဩဇာတင်သွင်းမှု အခြေခံအချက်အလက် အော်ဂဲနစ်အရင်းအမြစ် မြေပုံရေးဆွဲခြင်း ဥပဒေကွာဟချက် ခွဲခြမ်းစိတ်ဖြာချက် ပြည်သူ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဖြစ်နိုင်ခြေလေ့လာမှုများ စမ်းသပ်စီမံကိန်းများ

အဆင့် ၂ – စမ်းသပ်အဆင့် ပြည်သူ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု

ဒေသအလိုက် စမ်းသပ်စင်တာ ၃–၅ ခုအထိ လေ့လာတည်ဆောက်ရန်။

အဓိက စွမ်းဆောင်ရည်ညွှန်ကိန်း_"စမ်းသပ်စီမံကိန်းတွင် စီးပွားရေးအရ အမှန်တကယ် အောင်မြင်နိုင်မှု ရှိ၊ မရှိ တိုင်းတာခြင်း" ဖြစ်သည်။

အဆင့် ၃ – တိုးချဲ့ခြင်း

အောင်မြင်သော ပြည်သူ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံများကို အခြားဒေသများသို့ တိုးချဲ့ရန်။

အဆင့် ၄ – အမျိုးသားကွန်ရက်

ဒေသအလိုက် အော်ဂဲနစ်မြေဩဇာ ကွန်ရက် တစ်ခုအဖြစ် ချိတ်ဆက်ရန်။

(က) အဓိကစွမ်းဆောင်ရည် ရည်ညွှန်းကိန်းမူဘောင် (KPI Framework)

အမျိုးအစား – အဓိကစွမ်းဆောင်ရည် ရည်ညွှန်းကိန်း

စက်မှုလုပ်ငန်း – မှတ်ပုံတင်ထားသော/အရည်ထုတ်လုပ်သူများ အသွေးပြည့်မီသော ထုတ်လုပ်မှု – ပြည်တွင်းထုတ်လုပ်မှုပမာဏ

တင်သွင်းမှုအစားထိုးခြင်း – အစားထိုးလိုက်သော တင်သွင်းသွင်းအားစု

နိုင်ငံခြားငွေကြေး – အသားတင်နိုင်ငံခြားငွေကြေး ချွေတာမှု

အရင်းအမြစ် – ပြန်လည်ရယူလိုက်သောအော်ဂဲနစ် အရင်းအမြစ်

PPP – အောင်မြင်သော PPP စီမံကိန်းအရေ အတွက်

တောင်သူများ – ဆက်သွယ် ရောက်ရှိသော တောင်သူများ

သုတေသန – ပြီးစီးသော လယ်ကွင်းစမ်းသပ်မှုများ

အရည်အသွေး – စမ်းသပ် စစ်ဆေးပြီးသော ထုတ်ကုန်များ

အလုပ်အကိုင် – ဖန်တီးပေးလိုက်သော အလုပ်အကိုင်များ

တင်ပို့မှု – တင်ပို့ရန်အသင့်ဖြစ်သော ထုတ်ကုန်များ

ပတ်ဝန်းကျင် – လွှဲပြောင်း/ပြန်လည်ရယူလိုက် သော စွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းမှု

မှတ်ချက် – အခြေခံအချက်အလက် မရရှိသေးသည့် အတွက် ၂၀၃၀ ရည်မှန်းချက် ကိန်းဂဏန်းများကို အစိုးရ၊ အသင်း၊ စက်မှုလုပ်ငန်း ညှိနှိုင်းမှုပြုလုပ်ပြီး သတ်မှတ်သင့်ပါသည်။

(ခ) ဘေးအန္တရာယ်စီမံခန့်ခွဲမှု (Risk Management)

၁ – အရည်အသွေး။ ဖြေရှင်းချက် – မဖြစ်မနေ စမ်းသပ်စစ်ဆေးခြင်း + ခြေရာခံနိုင်မှု။

၂ – ဈေးကွက်။ ဖြေရှင်းချက် – တောင်သူသရုပ်ပြခြင်း + ဈေးကွက်သတင်းအချက်အလက်။

၃ – ကုန်ကြမ်း။ ဖြေရှင်းချက် – ရေရှည်ထောက်ပံ့ရေး စာချုပ်များ + ဒေသအလိုက်စုဆောင်းရေးစင်တာများ။

၄ – ဘဏ္ဍာရေး။ ဖြေရှင်းချက် – ပြည်သူ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု + ရောနှောဘဏ္ဍာရေး။

၅ – မူဝါဒ။ ဖြေရှင်းချက် – ရှင်းလင်းသောမူဝါဒ + ရေရှည်မူဘောင်။

၆ – နည်းပညာ။ ဖြေရှင်းချက် – တက္ကသိုလ်–စက်မှုလုပ်ငန်း သုတေသနနှင့် ဖွံ့ဖြိုးရေး။

၇ – ပတ်ဝန်းကျင်ထိန်းသိမ်းရေး။ ဖြေရှင်းချက် – ကုန်ကြမ်းစီစစ်ခြင်း + ပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်များ။

(ဂ) အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်း၊ ခြိမ်းခြောက်မှု ခွဲခြမ်းစိတ်ဖြာချက် (SWOT Analysis)

အားသာချက်များ။ ဒေသတွင်း အော်ဂဲနစ်အရင်းအမြစ်များ၊ စိုက်ပျိုးရေးအခြေခံ၊ လက်ရှိ ပုဂ္ဂလိက ထုတ်လုပ်သူများ၊ ပြည်တွင်းဈေးကွက်၊ တောင်သူအသိပညာ၊ ကျေးလက်အလုပ်အကိုင်အလားအလာ။

အားနည်းချက်များ။ အကန့်အသတ်ရှိသော အရည်အသွေးစစ်သပ်စစ်ဆေးနိုင်စွမ်း၊ မညီမျှသော ထုတ်ကုန်အရည်အသွေး၊ အကန့်အသတ်ရှိသော အရင်းအနှီး၊ တည်ငြိမ်သော ကုန်ကြမ်းရရှိနိုင်မှု၊ အကန့်အသတ်ရှိသော အချက်အလက်။

အခွင့်အလမ်းများ။ တင်သွင်းမှု အစားထိုးခြင်း၊ နိုင်ငံခြားငွေကြေးချွေတာမှု၊ စီမံလန်းသော စီးပွားရေး၊ ပြည်သူ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု၊ စဉ်ဆက်မပြတ် စီးပွားရေးဆောင်ရွက်မှု၊ တင်ပို့မှု အလားအလာ။

ခြိမ်းခြောက်မှုများ။ ရာသီဥတုပြောင်းလဲမှု၊ ငွေကြေးမတည်ငြိမ်မှု၊ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်၊ အရည်အသွေးညံ့သော ထုတ်ကုန်များ၊ အားနည်းသော ဈေးကွက်ယုံကြည်မှု။

(ဃ) မူဝါဒဆိုင်ရာ အကြံပြုချက်များ

(၁) "အမျိုးသားအော်ဂဲနစ်မြေဩဇာနှင့် ဇီဝသွင်းအားစု ဖွံ့ဖြိုးရေးအစီအစဉ်" တစ်ရပ် တည်ဆောက်ရန်။

(၂) အော်ဂဲနစ်မြေဩဇာ ထုတ်လုပ်မှုလုပ်ငန်းကို တင်သွင်းမှုအစားထိုးလုပ်ငန်းအဖြစ် သတ်မှတ် လေ့လာရန်။

(၃) ဒေသအလိုက် အော်ဂဲနစ်အရင်းအမြစ်နှင့် မြေဩဇာပြုပြင်ထုတ်လုပ်ရေး စင်တာများကို ပြည်သူ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဖြင့် စမ်းသပ်စတင်ရန်။

(၄) အမျိုးသားအဆင့် အော်ဂဲနစ်အရင်းအမြစ် မြေပုံရေးဆွဲခြင်း ပြုလုပ်ရန်။

(၅) နိုင်ငံခြားငွေကြေးချွေတာမှုကို စီမံကိန်း တစ်ခုချင်းစီအလိုက် တိုင်းတာသည့်စနစ် တည်ဆောက်ရန်။

(၆) အရည်အသွေးစမ်းသပ်စစ်ဆေးရေး ဓာတ်ခွဲခန်းကွန်ရက် တိုးချဲ့ရန်။

(၇) အစိုးရမြေ / အခြေခံအဆောက်အအုံနှင့် ပုဂ္ဂလိကအရင်းအနှီး / နည်းပညာပုံစံကို သင့်လျော်သည့် စီမံကိန်းများတွင် အသုံးချရန်။

(၈) တက္ကသိုလ်–ပုဂ္ဂလိကလုပ်ငန်းများ ပူးပေါင်းသည့် သုတေသနရန်ပုံငွေ တည်ဆောက်ရန်။

(၉) တောင်သူသရုပ်ပြခြင်းနှင့် မြေဆီလွှာ စမ်းသပ်စစ်ဆေးခြင်းကို ပြည်သူ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းတွင် မဖြစ်မနေ ထည့်သွင်းရန်။

(၁၀) အော်ဂဲနစ်သော ပြည်တွင်းထုတ်ကုန်များကို တင်ပို့နိုင်သောထုတ်ကုန်များ မြှင့်တင်ရန်။

မျှော်မှန်းရသော စီးပွားရေးအကျိုးသက်ရောက်မှု

ဤမဟာဗျူဟာသည် မြေဩဇာစက်ရုံများ တိုးပွားလာခြင်းတစ်ခုတည်းမဟုတ်ဘဲ အောက်ပါ economic activities များကို ဖြစ်ပေါ်စေနိုင်သည်–

(က) **တိုက်ရိုက်အကျိုးသက်ရောက်မှု။** စက်ရုံရင်းနှီးမြှုပ်နှံမှု၊ အလုပ်အကိုင်၊ ထုတ်လုပ်မှု။

(ခ) **သွယ်ဝိုက်အကျိုးသက်ရောက်မှု။** သယ်ယူပို့ဆောင်ရေး၊ ထုပ်ပိုးမှု၊ စက်ပစ္စည်း၊ ကုန်ကြမ်းစုဆောင်းခြင်း၊ ဓာတ်ခွဲခန်း၊ ဝန်ဆောင်မှုများ။

(ဂ) **ဆက်စပ်ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှု။** ကျေးလက်ဝင်ငွေ၊ ဒေသတွင်းသုံးစွဲမှု၊ အသေးစား စီးပွားရေးလုပ်ငန်းများ။

(ဃ) **မဟာဗျူဟာမြောက်အကျိုးသက်ရောက်မှု။** တင်သွင်းမှုအစားထိုးခြင်း၊ နိုင်ငံခြား ငွေကြေး ချွေတာမှု၊ ထောက်ပံ့ရေးကွင်းဆက် ခံနိုင်ရည်၊ စိုက်ပျိုးရေး ယှဉ်ပြိုင်နိုင်မှု။

အမျိုးသားအဆင့် ရရှိမည့် အကျိုးကျေးဇူးများ

ဤမဟာဗျူဟာကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက

နိုင်ငံအတွက်။ နိုင်ငံခြားငွေကြေးသုံးငွေကို လျှော့ချနိုင်မည့် အခွင့်အလမ်းရှိမည်။

လယ်သမားအတွက်။ ဒေသတွင်းမှ ရရှိနိုင်သော သင့်လျော်သည့် သွင်းအားစုများကို ရရှိနိုင်မှု တိုးလာနိုင်မည်။

စီးပွားရေးလုပ်ငန်းအတွက်။ ပြည်တွင်းထုတ်လုပ်မှု၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် မိမိလန်းသောစက်မှုလုပ်ငန်း ဖွံ့ဖြိုးလာနိုင်မည်။ အစိုးရအတွက်။ အများပြည်သူပိုင်အရင်းအမြစ်များကို မဟာဗျူဟာမြောက် အခြေခံအဆောက်အအုံနှင့် အထောက်အကူပြုပတ်ဝန်းကျင်တွင် ပိုမို အာရုံစိုက်အသုံးချနိုင်မည်။

ပတ်ဝန်းကျင်အတွက်။ သင့်လျော်သော အော်ဂဲနစ်အရင်းအမြစ်များကို စွန့်ပစ်ပစ္စည်းအဖြစ် စွန့်ပစ်မည့် အစား အရင်းအမြစ်အဖြစ် ပြန်လည်အသုံးချနိုင်မည်။

နိဂုံး

ပြည်တွင်းတွင် ထုတ်လုပ်နိုင်သည့်ထုတ်ကုန်ကို ပြည်တွင်းမှာပင် ထုတ်လုပ်ခြင်း၊ ပြည်တွင်းမှာ ရရှိနိုင်သည့် အော်ဂဲနစ်အရင်းအမြစ်ကို တန်ဖိုးမြှင့်တင်ခြင်း၊ သိပ္ပံနည်းကျ အရည်အသွေးထိန်းချုပ်ခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ခြင်း၊ အစိုးရ၏ အခြေခံအဆောက်အအုံနှင့် မူဝါဒအထောက်အပံ့ကို ပေါင်းစပ်ခြင်းတို့ဖြင့် မြေဩဇာကဏ္ဍကို ဖွံ့ဖြိုးစေရုံသာမက နိုင်ငံခြားငွေချွေတာရေး၏ အစိတ်အပိုင်း တစ်ခုအဖြစ် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ဤစာတမ်း၏ မူဝါဒအဆိုပြုချက်မှာ နိုင်ငံခြားငွေချွေတာနိုင်သော ပြည်တွင်းစက်မှုလုပ်ငန်း။ "သဘာဝမြေဩဇာကို ကျေးလက်စီးပွားရေးကို လှုံ့ဆော်ပေးနိုင်သော တန်ဖိုးကွင်းဆက်၊ စွန့်ပစ်ပစ္စည်းကို အရင်းအမြစ်အဖြစ် ပြောင်းလဲပေးနိုင်သော စဉ်ဆက်မပြတ် စီးပွားရေးဆောင်ရွက်မှုနှင့် အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်သော အမျိုးသားမဟာဗျူဟာမြောက် လုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန်" ဖြစ်ပါသည်။

နောက်ဆက်တွဲများ

အမျိုးသားအဆင့် မူဝါဒဆိုင်ရာ နောက်ဆုံးအဆိုပြုချက်

"ဒေသတွင်းအရင်းအမြစ်များ →ဒေသတွင်း ထုတ်လုပ်မှု →တင်သွင်းမှုအစားထိုးခြင်း → နိုင်ငံခြားငွေကြေးချွေတာမှု→ကျေးလက်ဒေသဖွံ့ဖြိုးရေး →အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု" ဟူသည့် စီးပွားရေးကွင်းဆက်ကို ၂၀၂၆–၂၀၃၀ ကာလအတွင်း တည်ဆောက်ရန် အဆိုပြုပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရက မူဝါဒချမှတ်သူ–ပံ့ပိုးကူညီသူ – စည်းမျဉ်းထိန်းသိမ်းသူအဖြစ်၊ ပုဂ္ဂလိကက ရင်းနှီးမြှုပ်နှံသူ – ထုတ်လုပ်သူ – ဆန်းသစ်တီထွင်သူ – ဈေးကွက်ဖွံ့ဖြိုးအောင် ဆောင်ရွက်သူအဖြစ်၊ အသင်းအဖွဲ့က လုပ်ငန်းညှိနှိုင်းသူ – မူဝါဒပေါင်းကူးသူအဖြစ်၊ တက္ကသိုလ်နှင့် သုတေသနအဖွဲ့များက အသိပညာနှင့် အထောက်အထားပံ့ပိုးသူအဖြစ်၊ လယ်သမားများက အသုံးပြုသူ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သူအဖြစ် စုပေါင်းဆောင်ရွက်သင့်သည်။

ကိုးကားချက်

၁။ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန – Fertilizer Law နှင့် ဆက်စပ် ဥပဒေများ။

၂။ Ministry of Agriculture, Livestock and Irrigation – Agriculture sector objectives and PPP/value-chain development framework၊

၃။ Myanmar Government – Public–Private Partnership policy and project information

၄။ ASEAN – Soil and Nutrient Management Guidelines.

၅။ ASEAN – Organic Agriculture Standards.

၆။ FAO – Sustainable Soil Management and Sustainable Agriculture literature.

၇။ Peer–reviewed literature on organic fertilizer, biofertilizer, compost, biochar, circular economy and integrated nutrient management.

ချောင်းဆုံမြို့နယ် အနောက်ရပ်ကွက်၌ (၁၄၅)ကြိမ်မြောက် ဆွမ်းကြီးလောင်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

ချောင်းဆုံ အောက်တိုဘာ ၃၁

ချောင်းဆုံမြို့နယ်တွင် ယနေ့နံနက်က (၁၄၅) ကြိမ်မြောက် ဆွမ်းကြီးလောင်းပွဲတော်ကို ချောင်းဆုံအနောက်ရပ်ကွက် မြို့မအမှတ်(၂) ဈေးဟောင်းရှေ့လမ်းတစ်လျှောက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



အဆိုပါ ဆွမ်းကြီးလောင်းပွဲတော်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ဒေသခံများက မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၃၅ ကျောင်းမှ ဆရာတော်၊ သံဃာတော် အပါး ၁၅၀ ခန့်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို လမ်းတစ်လျှောက် လောင်းလှူခြင်း၊ ဆရာတော်၊ သံဃာတော်များအား နေအိမ်သို့ ပင့်ဖိတ်ကာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြသည်။

ကိုကျော်(ချောင်းဆုံ)

တိုက်ကြီးမြို့နယ်၌ အသက် ၂၁ နှစ်အောက် ရပ်ကွက်နှင့်ကျေးရွာပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

တိုက်ကြီး အောက်တိုဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဖလား အသက် ၂၁ နှစ်အောက် ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယမန်နေ့က ဂျိုးဖြူအားကစားကွင်း၌ ကျင်းပသည်။



ဗိုလ်လုပွဲတွင် ဖိုးခေါင်အသင်းနှင့် အဖျောက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဖျောက်အသင်းက ဖိုးခေါင်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းကျော်၊ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးကျော်လင်းဇော်နှင့် တာဝန်ရှိသူများက အသင်းအလိုက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသည့်အသင်းများ ဘောလုံးပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုများနှင့် ဘောလုံးပြိုင်ပွဲတွင် ဒိုင်လူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူများအား ဆုတံဆိပ်၊ ဂုဏ်ပြုဆွေနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၁၇ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ အုပ်စုနှစ်စုခွဲ၍ ပွဲစဉ်အလိုက် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ရပ်ကွက်နှင့် ကျေးရွာများရှိ ဘောလုံးအသင်း ကိုးသင်းမှ အားကစားသမား ၁၆၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

မော်လမြိုင်ကျွန်း-မြို့နယ်၌ ဆောင်းဆီထွက်သီးနှံ မျိုးစေ့နှင့် သွင်းအားစုပေးအပ်

မော်လမြိုင်ကျွန်း အောက်တိုဘာ ၃၁

မော်လမြိုင်ကျွန်း-မြို့နယ်တွင် ၂၀၂၆–၂၀၂၇ ခုနှစ် ဆောင်းဆီထွက်သီးနှံ ဖြစ်သည့် နေကြာနှင့် ပဲပုပ်မျိုးစေ့များ၊ စိုက်ပျိုးရေးသွင်းအားစု (MPE မြေဩဇာ) များပေးအပ်ပွဲကို အောက်တိုဘာ ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ဇရာခန်းမ၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက အရည်အသွေးကောင်းမွန်သည့် မျိုးစေ့များ အသုံးပြုစိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်လာစေရေးတို့အတွက် မျိုးစေ့နှင့် သွင်းအားစုများ ပံ့ပိုးပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာကြသည့် တောင်သူများထံသို့ ၂၀၂၆–၂၀၂၇ ခုနှစ် ဆောင်းရာသီတွင် စိုက်ပျိုးမည့် နေကြာနှင့် ပဲပုပ်မျိုးစေ့များ၊ စိုက်ပျိုးရေးသွင်းအားစုများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)

ထန်းတပင်မြို့နယ်၌ စစ်တောင်းမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်

ထန်းတပင် အောက်တိုဘာ ၃၁

ထန်းတပင်မြို့နယ်တွင် ငါးလုပ်ငန်းဦးစီးဌာနက စစ်တောင်းမြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၂၅၀၀၀၀ မျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်က မြို့အဝင် စစ်တောင်းတံတားထိပ်၌ ကျင်းပရာ တိုင်းဒေသကြီး လွတ်တော် ကိုယ်စားလှယ် ဦးသက်တင်ထွန်းနှင့် ဌာနဆိုင်ရာများက နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီး သားပေါက်ကောင်ရေ ၁၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၅၀၀၀၀ ကို စစ်တောင်းမြစ်အတွင်းသို့ စုပေါင်းကာ ငါးမျိုးစိုက်ထည့်ခဲ့ကြသည်။



မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် မီးဘေးအန္တရာယ် အသိပညာပေး နှိုးဆော်ခြင်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၃၀ ရက်တွင် ရပ်ကွက်များအတွင်း လိုက်လံအသိပညာပေး နှိုးဆော်စဉ်။ အေးမင္ဂလာ

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပဲခူးမြို့နယ်ရှိ ပြည်သူများ အခြေခံစားသောက်ကုန်များကို စျေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် အသား၊ ငါး၊ ဆန်၊ စားသုံးဆီ၊ ကြက်ဥ နှင့် ဟင်းသီးဟင်းရွက်များကို စျေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိစဉ်။ သက်ဖြိုးကြိုင်(ပြန်/ဆက်)



မြို့နယ်များ၌ သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



မော်လမြိုင်ကျွန်း

မော်လမြိုင်ကျွန်းမြို့နယ်၌ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် ဝန်ထမ်းများက အောက်တိုဘာ ၃၁ ရက်တွင် အမှတ် (၆) ရပ်ကွက် စိန်ပန်းပတ်လမ်းရှိ သမ္မာသမ္မုဒ္ဓစေတီတော်မြတ်ကြီး၏ ပရိဂုဏ်အတွင်းနှင့် ရင်ပြင်တော်ပေါ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

ရဲကိုမောင်(ပြန်/ဆက်)



ကျိုက်ထို

ကျိုက်ထိုမြို့နယ်တွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးကို အပတ်စဉ်ဆောင်ရွက်လျက်ရှိရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ အောက်တိုဘာ ၃၁ ရက်က ဘုရားသုံးဆူထိုင်တော်မူဘုရားမုခ်ဦးအဝင်လမ်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ပြုလုပ်ခဲ့ကြသည်။

ပြည့်ဖြိုး(ပြန်/ဆက်)



သရက်

သရက်မြို့တွင် (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောက်တိုဘာ ၃၁ ရက်က ခရိုင်/မြို့နယ်ဝန်ထမ်းများက ရွှေသက်လွတ် ဘုရားပရိဝုဏ်အတွင်းနှင့် သာသနာ့ဗိမာန်တော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ရာ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့က ကြည့်ရှုအားပေးခဲ့ကြသည်။

မောင်လှလင်(သရက်)



အောင်လံ

အောင်လံမြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရန် အောက်တိုဘာ ၃၁ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ကမ်းနားလမ်း၊ မြစ်ကမ်းနားတစ်လျှောက်ရှိ ပတ်ဝန်းကျင်နေရာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၁၁-၂၀၂၆ တနင်္ဂနွေ

MRTV MD

06:00 နိုင်ငံတော်သံယမဟာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှုထမ်းနိုင်ငံတော်သံယမဟာယကအဖွဲ့ဆရာတော်များမဟိတ်ဓာရာတော်ရွှတ်ထပ်မှတော်ခြင်း
09:00 နံနက်ခင်းသတင်း
09:30 နိုင်ငံခြားမြေမြင်မာဗို့ဖိုးသယံဇာတထိန်းသိမ်းရေး
09:50 ကာတွန်းအစီအစဉ် 'ထူးဆန်းဇတ်ရွာဝန်းသာ' (အပိုင်း-၁၇)
10:20 တင်းစီးယိသာတွက်... (MSME)
10:30 သတင်းသမားခြံတဲ့သတင်းစကား
10:40 'သီတင်းကျွတ်ပြို' ဘေးကင်းလုံခြုံမြို့ထုတ်လွှင့်မှုအစီအစဉ်
11:30 အသိပညာနှင့်အမှန်တရား 'ကျန်းမာရိုးခွေးချယ်စားနို့' (အပိုင်း- ၂)
12:30 This Week's Special Interest
12:50 MRTV National News
13:00 မြန်မာကွန်ဝင်ယ်ရှင်း 'လက္ခဏာနှင့်'

mitv

07:01 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay
07:08 Dhammayangyi Temple
07:24 Tastes of Home Land: Sour and Spicy Crab
07:35 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-3)
08:01 News
08:26 Swiftlet Birds (Aerodramus Fuciphagus) (Part-I)
09:01 Shining Stars (Ep-10)
09:36 Today Myanmar: Taking Men Out Of Dark To Light
09:49 Snake Dancer
10:01 News

MRTV NRC

ချင်း (ကိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)
ထေးဘက်ဝင်းသွင်ပင်
ချင်း (ဖျဲး) (၀၇:၀၀ မှ ၀၈:၀၀)
သုပ်ကျွေးမှုပတောင်ပေါ်ပန်းသီးများ
မွန် (၀၈:၀၀ မှ ၁၀:၀၀)
ဝန်းပေါင်းအသုံးဝင်ပုံအကျိုးကျေးဇူး
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
တိုက္ခာအလှနှင့်ရာသီစာ(အပိုင်း- ၂)
ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)
ထိန်းသိမ်းအစဉ်လာတို့ဝေလုံရာ
ဝ (၁၄:၀၀ မှ ၁၆:၀၀)
ကွမ်းရွက်စိုက်ပျိုးခြင်း
ကချင် (၁၆:၀၀ မှ ၁၈:၀၀)
ကချင်ဖိုးရာတက်စားဆင်ယင်ခြင်း
ကယား (၁၈:၀၀ မှ ၂၀:၀၀)
ကယားဘာသာစကားပြောကြရအောင် (အပိုင်း- ၂၆)
၀ဂကကရင် (၂၀:၀၀ မှ ၂၂:၀၀)
သင်ယူလေ့လာတိုင်စံရာ (အပိုင်း-၁၀)
ဘနောက်ပိုးကရင် (၂၂:၀၀ မှ ၂၂:၀၀)
ထီလာမုပ်
ဘရှ ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)
စာပေအမြွေတာ

MRTV NEWS

06:00 အဖွင့်၊ တေးသီချင်း
06:09 လူပ်လှပ်ရှားအားကစား
07:00 ပြည်တွင်းသတင်း (LIVE)
11:00 ပြည်တွင်းသတင်း (LIVE)
12:30 နိုင်ငံတကာသတင်း (LIVE)
13:00 MRTV National News
16:00 သတင်းမုန်ကဏ္ဍ (LIVE)
17:00 ပြည်တွင်းသတင်း (LIVE)
19:30 ကမ္ဘာစစ်လှုအားပညာသတင်းများ
20:00 ပြည်တွင်းသတင်း (LIVE)
20:30 ဒုစရိုက်ရာဇဝတ်မှုဆိုင်ရာသတင်းများ
21:00 ပြည်တွင်းသတင်း (LIVE)
21:30 Kpop Music Gallery

MRTV FARMERS

06:00 အဖွင့်၊ နိုင်ငံတော်သီချင်း
06:02 တောင်သူလယ်သမားရေးရာသတင်း
06:30 လူမှုစီးပွားဘဝပြဿနာဖိုးတက်ရေးသဘပါးပန ထုတ်ကုန်များရောင်းချရေး
09:00 စိုက်ပျိုးမွေးမြူရေးသုတသက်
10:00 မြန်မာချစ်တဲ့မှန်ဘင်းဒါး
10:30 ချည်မှုန်ချည်ဆိုစက်ရှိမြို့ပြင်မှသည်နိုင်ငံ စီးပွားမြို့တင်ငရောင်
13:30 အိမ်ကြီးမာမာတက်ပါ(ဇရီယိုတက်လမ်း)

MRTV SPORTS

06:00 အဖွင့်
06:30 လူပ်ကိုအတွက်လမ်းမြေကြွယ်
06:59 Weekly Sports Info
09:00 အားကစားသတင်း
09:20 Weekend Sports News
10:00 ၂၀၂၆ခုနှစ်အာရှအားကစားပြိုင်ပွဲ U-23 အမျိုးသားဘောလုံးပြိုင်ပွဲဝိုလ်လုပွဲ (Replay)
12:59 AFC Women's Champion's League Group (A) ဘောလုံးပြိုင်ပွဲတိုက်ဝိုက် ထုတ်လွှင့်မှု (Ayeyawady FC Myanmar Vs Naegohyang FC North Korea)

Scan Here

MRTV MRTV MRTV Radio MRTV Radio Education Channel

မော်လမြိုင်ကျွန်းမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ဆင့်ပွားသင်တန်းဖွင့်

မော်လမြိုင်ကျွန်း အောက်တိုဘာ ၃၁

မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးအတွက် စာရင်းကောက်ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြီး တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရာ၌ အသုံးပြုမည့် မေးခွန်းလွှာပါ အချက်အလက်များ၊ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် အချက်အလက်များ မှန်ကန်ပြည့်စုံစွာ ကောက်ယူနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။ သင်တန်းတွင် ရပ်ကွက်နှင့် ကျေးရွာ



အုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးများ တက်ရောက်ခဲ့သည်။

ရဲကိုမောင်(ပြန်/ဆက်)

ကော့သောင်းမြို့နယ်၌ အယ်လ်နီညိုကာလ ကြိုတင်ပြင်ဆင်နိုင်ရေး အသိပညာပေး

ကော့သောင်း အောက်တိုဘာ ၃၁

ကော့သောင်းမြို့နယ်တွင် အယ်လ်နီညိုကာလအတွက် အသိပညာပေးခြင်းနှင့် မွေးမြူရေးတိရစ္ဆာန်အစာ ကြိုတင်ပြင်ဆင်နိုင်ရေး ကောက်ရိုးထုံးပြုလုပ်၍ စနစ်တကျသိုလှောင်ထားရှိရေး အသိပညာပေးခြင်းကို



ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့နယ် (၁၀)မိုင် ကျေးရွာရှိ ကိုသားချို၏ နွားမွေးမြူရေးခြံ၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက အယ်လ်နီညိုကာလအတွက် ကူးစက်ရောဂါများ မဖြစ်ပွားစေရေး ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ရေပြတ်လပ်မှုမဖြစ်စေရေး ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် မိုးစပါးရိတ်သိမ်းပြီးချိန် လယ်ကွင်းများမှ ကောက်ရိုးများကို ကောက်ရိုးထုံးများ ပြုလုပ်၍ စနစ်တကျ သိုလှောင်ထားရှိရေး ကြိုတင်ပြင်ဆင်ထားရမည့် အစီအမံများကို အသိပညာပေးဆွေးနွေးပြီး မွေးမြူရေးခြံ၌ အယ်လ်နီညိုကာလအတွက် ကြိုတင်စီမံထားရှိသည့် ကောက်ရိုးထုံးများ စနစ်တကျ သိုလှောင်ထားရှိမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြစ်ကြီးနားမြို့နယ်၌ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား အောက်တိုဘာ ၃၁

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ပြည်နယ်ငွေလုံးငွေစုံးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ပမ္မတီး - ပြည်ထောင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းသို့ ယမန်နေ့က ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဝင်းအေး(မြစ်ကြီးနား)





ချောင်းသာမြို့ ကမ်းခြေတစ်လျှောက် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ချောင်းသာ အောက်တိုဘာ ၃၁

ချောင်းသာမြို့ ကမ်းခြေတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးနှင့် အများပြည်သူများ၊ ခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ စုပေါင်းပြီး အမှိုက်သရိုက်များ၊ ပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ဘူးများနှင့် စွန့်ပစ်ပစ္စည်းများကို ကောက်ယူရှင်းလင်းခြင်း၊ ကမ်းခြေပတ်ဝန်းကျင်ရှိ အမှိုက်များကို စနစ်တကျ စုဆောင်းဖယ်ရှားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

အယ်လ်နီညိုကာလ အပူဒဏ်ကာကွယ်ရေး အသိပညာပေး

တာချီလိတ် အောက်တိုဘာ ၃၁

တာချီလိတ်မြို့၌ အယ်နီညိုကာလအတွင်း ဆောင်ရန်၊ ရှောင်ရန်များ အသိပညာပေးခြင်းကို အောက်တိုဘာ ၂၉ ရက်က ဆောင်ရွက်ရာ တာချီလိတ်မြို့နယ် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အယ်လ်နီညိုကာလအတွင်း နေပူပြင်းခြိန်၌ အပြင်ထွက်သွားလာမှုကို တတ်နိုင်သမျှ ရှောင်ကြဉ်ရန်၊ ရေခဲတုံပြည့်ဝ စေရန် ရေကိုလုံလောက်စွာ သောက်သုံးရန်၊ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များကို သတိပြုရန် စသည့် အချက်များကို အသိပညာပေးပြီး ပြည်သူများထံ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



အမရပူရမြို့နယ်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

အမရပူရ အောက်တိုဘာ ၃၁

အမရပူရမြို့နယ်၌ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တမုတ်ဆိုး- ကန်ရိုး - ရေဘုတ် - မုံတောလမ်း အရှည်ပေ ၀/၅၅၆ပိုင်း အကျယ် ၁၂ ပေ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၉ ရက်က ကျေးလက်လမ်းဦးစီးဌာန (ရုံးချုပ်) အင်ဂျင်နီယာချုပ်(မြို့ပြ)ဦးလှခိုင်က ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

လွဲလွဲခိုင်

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊
တိုစိုက်ခဲ့လျှင် အကောင်းဆုံးပင်
အခုချိန်စိုက် နောက်မကျ၊
ဒုတိယအကြိမ် အကောင်းဆုံးပ။

သဘာဝဘေးအန္တရာယ်ခံနိုင်ရည်ရှိမှု ပိုမိုခိုင်မာရေး မိသားစုမှစတင်ကာကွယ်ပေး

သန်းဇော်(ပဟိုစာရင်းအင်းအဖွဲ့)

လူသားတို့၏ နေ့စဉ်ဘဝတွင် မမျှော်လင့်ဘဲ ကြုံတွေ့ရနိုင်သည့် အန္တရာယ်တစ်ခုမှာ သဘာဝဘေးအန္တရာယ်ဖြစ်သည်။ ငလျင်လှုပ်ခတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးရေလျှံမှု၊ မြေပြိုမှု၊ မိုးခါဝင်ရေရှားမှု၊ အပူချိန်လွန်ကဲမှုနှင့် မိုးကြိုးပစ်မှုဖြစ်ပွားခြင်းတို့ကဲ့သို့ သဘာဝဖြစ်စဉ်များသည် လူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေနိုင်သော မမျှော်မှန်းနိုင်သည့်ဖြစ်ရပ်များ ဖြစ်ပါသည်။ ထို့ပြင် လူတို့၏ လုပ်ဆောင်ချက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် မီးလောင်မှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် အခြားဘေးအန္တရာယ်များသည်လည်း လူမှုဘဝအပေါ် ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်သည်။

> **“သဘာဝဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် အချိန်က အရေးကြီးသည်။ ဘေးအန္တရာယ်ဖြစ်ပွားချိန်၌ မိမိတို့လိုအပ်သည့် ပစ္စည်းများကို အိမ်အတွင်း လိုက်လံရှာဖွေနေရခြင်းသည် အချိန်ဆုံးရှုံးမှုကြောင့် ဘေးအန္တရာယ်၏ သက်ရောက်မှုကို ပိုမိုခံစားရနိုင်သည်။ ထို့ကြောင့် မိသားစုတိုင်းတွင် ဘေးအန္တရာယ် ဖြစ်ပေါ်လာလျှင်ဆိုသည့် အသိစိတ်ဖြင့် အရေးပေါ်အိတ်တစ်လုံး ကြိုတင်ပြင်ဆင်ထားသင့်သည်။ ထိုအိတ်ထဲတွင် သောက်သုံးရေ၊ အစာခြောက်၊ ဓာတ်မီး၊ ဘက်ထရီ၊ ပါဝါဘဏ်၊ ရွေးဦးသူနာပြုပစ္စည်းများ၊ လိုအပ်သောဆေးဝါးများ၊ အဝတ်အစားအနည်းငယ်၊ တန်ဖိုးရှိပစ္စည်းများနှင့် အရေးကြီးစာရွက်စာတမ်းများကို မိသားစုလိုအပ်ချက်အလိုက် ထည့်သွင်းထားနိုင်”**

ယနေ့ခေတ်တွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုများကြောင့် ဘေးအန္တရာယ်များက ကမ္ဘာ့နေရာအနှံ့ အပြားတွင် နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိသဖြင့် ဘေးအန္တရာယ်ကာကွယ်ရေး ပိုမိုအလေးထားပြင်ဆင်ရန် လိုအပ်လာသည်။ သဘာဝဘေးအန္တရာယ်ကို လုံးဝတားဆီး၍ မရနိုင်သော်လည်း ကြိုတင်ပြင်ဆင်ခြင်းဖြင့် ဘေးအန္တရာယ် ဖြစ်ပေါ်နိုင်ခြေကို လျှော့ချခြင်း၊ ထိခိုက်ဆုံးရှုံးမှုများကို လျှော့ချခြင်းတို့ကို လူတိုင်းက ပါဝင်လုပ်ဆောင်နိုင်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အစိုးရနှင့် သက်ဆိုင်ရာဌာနများ၏ ကြိုတင်ပြင်ဆင်မှုများ၊ အရေးပေါ်တုံ့ပြန်ရေးစနစ်များနှင့် ရပ်ရွာအဆင့် ပူးပေါင်းဆောင်ရွက်မှုများ အရေးကြီးသည်မှာ မှန်သော်လည်း အိမ်ဆောင်စုတစ်စုချင်းစီ၏ အသိပညာနှင့် ကြိုတင်ပြင်ဆင်မှုသည် အခြေခံအကျဆုံး အခန်းကဏ္ဍမှ ပါဝင်သည်။

ဘေးအန္တရာယ်ကာကွယ်ရေး၏ ပထမခြေလှမ်းသည် မိသားစုမှစတင်

လူမှုအသိုက်အဝန်း၏ အခြေခံအကျဆုံးယူနစ်မှာ မိသားစုဖြစ်သည်။ မိသားစုတစ်စုချင်းစီက ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားနိုင်ပါက ရပ်ရွာတစ်ခုလုံး၏ ဘေးအန္တရာယ်ခံနိုင်ရည်ကို မြှင့်တင်နိုင်မည်ဖြစ်သည်။

အိမ်တစ်အိမ်တွင် ဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် အကြောင်းအရာများဖြစ်သည့် လျှပ်စစ်ပိုင်ယာကြိုးများ ပျက်စီးနေခြင်း ရှိ / မရှိ၊ လျှပ်စစ်ပစ္စည်းများကို လုံခြုံစွာအသုံးပြုနေခြင်း ရှိ / မရှိ၊ မီးဖိုနှင့် ဓာတ်ငွေ့အိုးများကို သင့်လျော်စွာထားရှိခြင်း ရှိ / မရှိ အမှိုက်သိမ်းဆည်းမှုနှင့် စွန့်ပစ်မှုစနစ်တကျ ရှိ/မရှိ စသည်တို့ကို အမြဲစစ်ဆေးသင့်သည်။ ထို့ပြင် အိမ်၏ ခေါင်မိုး၊ နံရံ၊ တံခါးနှင့် ပြတင်းပေါက်များက မုန်တိုင်းနှင့် လေပြင်းတိုက်ခတ်မှုများကို ခံနိုင်ရည် ရှိ/ မရှိ စစ်ဆေးရန် လိုအပ်သည်။

ရေကြီးနိုင်သည့်ဒေသတွင် နေထိုင်ပါက ရေဝင်ရောက်နိုင်သည့်နေရာများ၊ ရေစီးရေလာစနစ်များနှင့် ရေမြောင်းများကိုလည်း ပုံမှန်စစ်ဆေးသင့်သည်။ ယင်းသို့ အိမ်တွင်းဘေးအန္တရာယ်အခြေအနေများကို ကြိုတင်စစ်ဆေးခြင်းသည် ကုန်ကျစရိတ်များစွာ အသုံးပြုရန်မလိုဘဲ ဆောင်ရွက်နိုင်သည့် အခြေခံဘေးအန္တရာယ်လျှော့ချရေး လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

အရေးပေါ်အခြေအနေအတွက် အရေးပေါ်အိတ် ပြင်ဆင်ပါ

သဘာဝဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် အချိန်က အရေးကြီးသည်။ ဘေးအန္တရာယ်ဖြစ်ပွားချိန်၌ မိမိတို့လိုအပ်သည့် ပစ္စည်းများကို အိမ်အတွင်း လိုက်လံရှာဖွေနေရခြင်းသည် အချိန်ဆုံးရှုံးမှုကြောင့် ဘေးအန္တရာယ်၏ သက်ရောက်မှုကို ပိုမိုခံစားရနိုင်သည်။ ထို့ကြောင့် မိသားစုတိုင်းတွင် ဘေးအန္တရာယ် ဖြစ်ပေါ်လာလျှင်ဆိုသည့် အသိစိတ်ဖြင့် အရေးပေါ်အိတ်တစ်လုံး ကြိုတင်ပြင်ဆင်ထားသင့်သည်။ ထိုအိတ်ထဲတွင် သောက်သုံးရေ၊ အစာခြောက်၊ ဓာတ်မီး၊ ဘက်ထရီ၊ ပါဝါဘဏ်၊ ရွေးဦးသူနာပြုပစ္စည်းများ၊ လိုအပ်သောဆေးဝါးများ၊ အဝတ်အစားအနည်းငယ်၊ တန်ဖိုးရှိပစ္စည်းများနှင့် အရေးကြီးစာရွက်စာတမ်းများကို မိသားစုလိုအပ်ချက်အလိုက် ထည့်သွင်းထားနိုင်သည်။

တန်ဖိုးရှိပစ္စည်းများနှင့် အရေးကြီးစာရွက်စာတမ်းများကိုလည်း ရေမစိုစေရန်နှင့် ပျောက်ဆုံးမှုမဖြစ်စေရန် သီးခြားစနစ်တကျ သိမ်းဆည်းထားသင့်သည်။ အရေးပေါ်အိတ်ကို မည်သည့်အချိန်တွင်မဆို လွယ်ကူစွာ ယူဆောင်နိုင်သည့်နေရာတွင် ထားရှိပြီး မိသားစုဝင်အားလုံးက ထိုနေရာကို သိရှိထားသင့်သည်။

မိသားစု အစီအစဉ် ရေးဆွဲထားပါ

သဘာဝဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် မိသားစုဝင်များအချင်းချင်း ဆက်သွယ်၍ မရခြင်း၊ နေရာကွဲသွားခြင်းများ ဖြစ်ပေါ်နိုင်သောကြောင့် မိသားစုတိုင်းသည် အရေးပေါ်အခြေအနေကို ရင်ဆိုင်ကျော်လွှားနိုင်ရန် မိသားစုအစီအစဉ်တစ်ရပ် ရေးဆွဲထားရှိသင့်သည်။ မိသားစုဝင်များအနေဖြင့် အရေးပေါ်အခြေအနေတွင် မည်သည့်နေရာသို့ ရွေ့ပြောင်းမည်၊ မည်သည့်နေရာတွင် ပြန်လည်တွေ့ဆုံမည်၊ မည်သူ့ထံ ဆက်သွယ်မည်၊ မည်သို့ဆက်သွယ်မည်၊ အရေးကြီးစာရွက်စာတမ်းများကို မည်သူက ထိန်းသိမ်းမည် စသည်တို့ကို ကြိုတင်သတ်မှတ်ထားသင့်သည်။

ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် အထူးအကူအညီ လိုအပ်သူများအတွက်လည်း သီးခြားအစီအစဉ်ရေးဆွဲထားရန် လိုအပ်သည်။ အရေးပေါ်အခြေအနေတွင် မည်သူက မည်သူ့ကို ကူညီမည်ဆိုသည်ကို ကြိုတင်သတ်မှတ်ထားခြင်းဖြင့် အရေးပေါ်တုံ့ပြန်မှုကို ပိုမိုမြန်ဆန်စေနိုင်သည်။

သဘာဝဘေးအန္တရာယ်အမျိုးအစားအလိုက် ကြိုတင်ပြင်ဆင်ထားပါ

ဘေးအန္တရာယ် တစ်မျိုးချင်းစီအလိုက် ကြိုတင်ပြင်ဆင်ရမည့် နည်းလမ်းများ မတူညီသောကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်အမျိုးအစားအလိုက် ကြိုတင်ကာကွယ်မှုများကို လုပ်ဆောင်ရန် လိုအပ်သည်။

ငလျင်အန္တရာယ်အတွက် အိမ်အတွင်းရှိ လေးလံသောပစ္စည်းများ ပြုတ်ကျမလာစေရန် စနစ်တကျ တပ်ဆင်ထားသင့်ပြီး အရေးပေါ်အခြေအနေတွင် ခိုလှုံနိုင်မည့် နေရာများကို ကြိုတင်သတ်မှတ်ထားသင့်သည်။

မုန်တိုင်းနှင့် လေပြင်းအန္တရာယ်အတွက် ခေါင်မိုး၊ ပြတင်းပေါက်နှင့် အပြင်ဘက်ရှိ လွင့်စဉ်နိုင်သည့် ပစ္စည်းများကို ခိုင်ခံ့အောင်ပြင်ဆင်ခြင်း၊ ပစ္စည်းထားသိုမှုစနစ်တကျဖြစ်စေခြင်း ဆောင်ရွက်ထားသင့်သည်။

ရေကြီးရေလျှံမှုအတွက် ရေမြောင်းများနှင့် ရေစီးရေလာစနစ်များကို ပုံမှန်ရှင်းလင်းသင့်ပြီး အရေးကြီးပစ္စည်းများကို ရေမဝင်နိုင်သည့် မြင့်မားသောနေရာတွင် ထားရှိသင့်သည်။

မီးဘေးအန္တရာယ်အတွက် လျှပ်စစ်ပစ္စည်းများနှင့် မီးဖိုများကို လုံခြုံစွာအသုံးပြုရန်၊ မီးလောင်လွယ်သောပစ္စည်းများကို မီးဖိုအနီးတွင် မထားရန်နှင့် မီးဘေးအရေးပေါ်ထွက်ပေါက်များကို ပိတ်ဆို့မထားရန် လိုအပ်သည်။

ဤကဲ့သို့ မိမိနေထိုင်ရာဒေသနှင့် ကြုံတွေ့နိုင်သည့် ဘေးအန္တရာယ်အမျိုးအစားအလိုက် ကြိုတင်ပြင်ဆင်ခြင်းက ဘေးအန္တရာယ်လျှော့ချရေးကို ထိရောက်မှုရှိစေပြီး မိသားစုလုံခြုံရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်သည်။

စာရင်းအင်းနှင့် အချက်အလက်များကို အလေးထားပါ

သဘာဝဘေးအန္တရာယ်လျှော့ချရေးတွင် စာရင်းအင်းနှင့် အချက်အလက်များ မရှိမဖြစ် လိုအပ်သည်။ မည်သည့်ဒေသတွင် မည်သည့်ဘေးအန္တရာယ် ဖြစ်ပေါ်လေ့ရှိသည်၊ ထိခိုက်ဆုံးရှုံးမှု မည်မျှဖြစ်ပေါ်ခဲ့သည်၊ မည်သည့်လူဦးရေအုပ်စုများက ပိုမိုထိခိုက်လွယ်သည်၊ မည်သည့်အခြေခံအဆောက်အအုံများ ပိုမိုအန္တရာယ်ရှိသည် စသည့်အချက်အလက်များကို သိရှိထားမှသာ ထိရောက်သော ကြိုတင်ကာကွယ်ရေးအစီအစဉ်များ ချမှတ်နိုင်မည်ဖြစ်သည်။

ဥပမာအားဖြင့် ယခင်နှစ်များ၏ ရေကြီးရေလျှံမှုမှတ်တမ်းများကို စုစည်းလေ့လာခြင်းဖြင့် ရေကြီးနိုင်ခြေမြင့်မားသည့် ဒေသများကို ဖော်ထုတ်နိုင်သည်။ မှတ်တမ်းအချက်အလက်များအပေါ် အခြေခံ၍ ရေမြောင်းများပြုပြင်ခြင်း၊ ရေစီးရေလာစနစ်များ တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ခြင်းနှင့် လိုအပ်သည့်နေရာများတွင် အရေးပေါ်ရွေ့ပြောင်းရေးအစီအစဉ်များ ရေးဆွဲခြင်းတို့ကို စီမံနိုင်သည်။ ထို့အတူ ဘေးအန္တရာယ်ဖြစ်ပွားမှု မှတ်တမ်းများကို စနစ်တကျ စုဆောင်းထားခြင်းသည် အနာဂတ် ဘေးအန္တရာယ်များအတွက် ပိုမိုကောင်းမွန်သော ကြိုတင်ခန့်မှန်းမှုနှင့် စီမံကိန်းရေးဆွဲမှုများ ပြုလုပ်နိုင်ရန် အထောက်အကူပြုမည်ဖြစ်သည်။

ထို့ကြောင့် ဘေးအန္တရာယ်ဖြစ်ပွားမှု စာရင်းအင်းများကို အတိတ်၏ မှတ်တမ်းများအဖြစ် အသုံးပြုရုံနှင့် အတွက်သာမဟုတ်ဘဲ အနာဂတ်ဘေးအန္တရာယ်ကို ကြိုတင်ပြင်ဆင်ရန်အတွက် အသုံးဝင်သော အခြေခံ အချက်အလက်အဖြစ် အသုံးပြုရန် လိုအပ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းပါ

သဘာဝဘေးအန္တရာယ်လျှော့ချရေးကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အတူတကွ ဆောင်ရွက်သင့်သည်။ သစ်တောများထိန်းသိမ်းခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်း၊ ရေဝေရေလဲဒေသများကို ကာကွယ်ခြင်းနှင့် မြေဆီလွှာပျက်စီးစေမှုကို လျှော့ချခြင်းတို့သည် ရေကြီးမှုနှင့် မြေပြိုမှုကဲ့သို့သော အန္တရာယ်များကို လျှော့ချရာတွင် အထောက်အကူပြုနိုင်ရုံသာမက ကာဗွန်ကိုစုပ်ယူပြီး လေထုသန့်ရှင်းမှုကို အထောက်အကူဖြစ်စေသကဲ့သို့ အပူဒဏ်ကိုလည်း ကာကွယ်ပေးနိုင်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း အိမ်တွင်းမှစ၍ ဆောင်ရွက်နိုင်သည်။ အမှိုက်ကို စနစ်တကျ စွန့်ပစ်ခြင်း၊ ရေမြောင်းများပိတ်ဆို့မှုမရှိစေရန် ဂရုပြုခြင်း၊ အိမ်ဝတ်ဝန်းကျင်သန့်ရှင်းရေးကို ပုံမှန်ပြုလုပ်ခြင်း၊ ခြံဝင်းအတွင်း စိမ်းစိုသစ်ပင်စိုက်ပျိုးခြင်း၊ ညစ်ညမ်းအိုးအိုင်ထွေ့ထွက်စေသည့် လောင်စာအသုံးပြုမှုကို ရှောင်ကြဉ်ခြင်းတို့သည် မိမိအိမ် ပတ်ဝန်းကျင်နှင့် ရပ်ကွက်၊ ရပ်ရွာအဆင့် ဘေးအန္တရာယ်လျှော့ချရေးအတွက် အခြေခံကျသော လုပ်ဆောင်ချက်များဖြစ်ပါသည်။

ရိုင်းပင်းကူညီပါ

